# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# (၁၄) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ ထပ်မံထည့်သွင်းဖွဲ့ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း | ၅ |
| ၆ | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း | ၆ |
| ၇ | (က) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ တောင်ဥက္ကလာပ မြို့နယ်၊ ဥက္ကလာပစေတီ ပရဝဏ်၏ ပေ(၁၀၀)အတွင်း ပေ(၇၀)ထက် မြင့်သော အထပ်မြင့်အဆောက်အဦ ဆောက်လုပ် နေခြင်း နှင့် ပတ်သက်၍ သက်ဆိုင်ရာ ဌာနများအနေဖြင့် မည်သို့စီစဉ်ထားသည် ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၈ | (ခ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့် ဆင့်သော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအတွက် ရွေးကောက်ပွဲ ကာလအတွင်း ချီးမြှင့်ငွေများ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၉ | (ဂ) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ လက်ပံတောင်း တောင် ကြေးနီစီမံကိန်းဆောင်ရွက်ရာတွင် တောင်သူများ၏ စိုက်ပျိုးမြေ များကို သိမ်းယူခြင်း၊ ကျေးရွာရွှေ့ပြောင်း ပေးရခြင်းတို့ကို ဆက်လက် မဖြစ်ပေါ်စေရန် တားမြစ်ပေးမည့် အစီအစဉ် ရှိ၊ မရှိနှင့် စုံစမ်း စစ်ဆေးရေး ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များ အတိုင်း ကုမ္ပဏီများက လိုက်နာဆောင်ရွက်စေရေးနှင့် တစ်စိတ် တစ်ပိုင်း ဟင်းလင်းပွင့်စနစ် ကျင့်သုံးရန် ရှိ၊ မရှိကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၅ |

(ဃ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၏ ဥတ္တရသီရိ
မြို့နယ်အတွင်း ဒေသခံပြည်သူများ အမှန်တကယ် နေထိုင်
လုပ်ကိုင်စားသောက် နေသော ကျေးရွာများ၊ လယ်မြေများနှင့် ယာမြေများ
၁၀ ကို သစ်တောမြေ အဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် ၂၇
စပ်လျဉ်းသည့်မေးခွန်း

ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်က “မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့်
ချောင်းဆုံ မြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့်
တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး “ဗိုလ်ချုပ်အောင်ဆန်း”
၁၁ ၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား ၃၀
တိုက်တွန်းသည့်”အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့်
အဆုံးအဖြတ်ရယူခြင်း

ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်က တင်သွင်းသည့် “ဝါးစိုက်ပျိုးရေးကဏ္ဍ
တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်
၁၂ အစိုးရမှ ဦးဆောင် အားစိုက် ပါဝင် ဆောင်ရွက်ပေးရေး ၃၆
တိုက်တွန်းကြောင်း” အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက
ဆွေးနွေးခြင်း-

၁၃ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က
ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၅၇

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
၁၄ (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက် ၆၀
မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# (၁၄)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၈-၂-၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ ထပ်မံ ထည့်သွင်းဖွဲ့ခြင်း တို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပ မြို့နယ်၊ ဥက္ကလာပစေတီ ပရဝဏ်၏ ပေ(၁၀၀)အတွင်း ပေ(၇၀)ထက် မြင့်သော အထပ်မြင့်အဆောက်အဦ ဆောက်လုပ်နေခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများအနေဖြင့် မည်သို့စီစဉ် ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအတွက် ရွေးကောက်ပွဲကာလအတွင်း ချီးမြှင့်ငွေများ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဆောင်ရွက်ရာတွင် တောင်သူများ၏ စိုက်ပျိုးမြေများကို သိမ်းယူခြင်း၊ ကျေးရွာရွှေ့ပြောင်း ပေးရခြင်းတို့ကို ဆက်လက်မဖြစ်ပေါ်စေရန် တားမြစ်ပေးမည့် အစီအစဉ် ရှိ၊ မရှိနှင့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များအတိုင်း ကုမ္ပဏီများက လိုက်နာဆောင်ရွက်စေရေးနှင့် တစ်စိတ်တစ်ပိုင်း ဟင်းလင်းပွင့်စနစ် ကျင့်သုံးရန် ရှိ၊ မရှိကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၏ **ဥတ္တရသီရိ မြို့နယ်အတွင်း ဒေသခံပြည်သူများ အမှန်တကယ် နေထိုင်လုပ်ကိုင်စားသောက်နေသော ကျေးရွာများ၊ လယ်မြေများနှင့် ယာမြေများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၇။ ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်က **"မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့် တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး " ဗိုလ်ချုပ်အောင်ဆန်း " ၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် "** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်က တင်သွင်းသည့် **“ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော် အစိုးရမှ ဦးဆောင် အားစိုက် ပါဝင် ဆောင်ရွက်ပေးရေး တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုးပိုင်ငွေး၊ မြိတ် မဲဆန္ဒနယ်၊

(ခ) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

(ဂ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ဃ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(င) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၊

(စ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

(ဆ) ဦးကျော်စိုး၊ ဗန်းမော်က် မဲဆန္ဒနယ်၊

(ဇ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၊

(ဈ) ဦးသက်နိုင်ဦး၊ ရေဖြူ မဲဆန္ဒနယ်၊

(ည) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

**(၁၄)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**

**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၇၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၇၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊

(၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၃) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၄) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၈ ရက်၊

(၅) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၇ ရက်၊

(၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊

(၇) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၁ ရက်၊

(၈) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၁ ရက်၊

(၉) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊

(၁၀) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၄ ရက်၊

(၁၁) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၁၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁၁ ရက်၊

(၁၃) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၂ ရက်၊

(၁၄) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်၊

(၁၅) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၁၆) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၁ ရက်၊

(၁၇) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၁၈) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဋ္ဌေး ခွင့် ၁ ရက်၊

(၁၉) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်၊

(၂၀) မတူပီမဲဆန္ဒနယ်မှ ဦးပါထန် ခွင့် ၁ ရက်၊

(၂၁) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊

(၂၂) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်၊

(၂၃) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၂၄) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၂၅) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊

(၂၆) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ရက်၊

(၂၇) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဗွန်း ခွင့် ၁ ရက်၊

**မှူးကြမ်း**

(၂၈) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊

(၂၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန်းလှိုင်ဝင်း ခွင့် ၁ ရက်၊

(၃၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဝင်း ခွင့် ၁ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ခွင့် ၁ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဟန်စိုးထွန်း ခွင့် ၁ ရက်၊

(၃၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင် ခွင့် ၁ ရက်၊

(၃၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ခွင့် ၁ ရက်၊

(၃၅) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၁ ရက်၊

(၃၆) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၁ ရက်၊

(၃၇) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၃၈) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၁ ရက်၊

(၃၉) ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့် ခွင့် ၁ ရက်နှင့်

(၄၀) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၈ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၄၀ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၄၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များအား ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)အား ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဒေါ်စန်းစန်းအိ(မိုးညှင်းမဲဆန္ဒနယ်)အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသို့လည်းကောင်း ပြောင်းရွှေ့တာဝန်ပေးအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)အား နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ် ထပ်မံထည့်သွင်းတာဝန်ပေးအပ်မှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တောင်ဥက္ကလာပမြို့နယ်၊ ဥက္ကလာပစေတီ ပရဝဏ်၏ ပေ ၁၀၀ အတွင်း ပေ ၇၀ ထက်မြင့်သော အထပ်မြင့်အဆောက်အဦ ဆောက်လုပ်နေခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများအနေဖြင့် မည်သို့ စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော ဧည့်သည်တော်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကလာပစေတီတော်ကြီးဟာ သာသနာရေးဝန်ကြီးဌာနမှ နိုင်ငံအဝန်း ထင်ရှားကျော်ကြားသော ဘုရားစေတီတော်အဖြစ် သတ်မှတ်ထားသော တောင်ဥက္ကလာမြို့နယ်၏ တစ်ခုတည်းသောစေတီတော်ဖြစ်ပါတယ်။ စေတီတော်ကြီးက ဉာဏ်တော် ၁၀၈ ပေရှိပါတယ်ခင်ဗျား။ သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်၊ ညောင်ရေသွန်းပွဲတော် အစရှိတဲ့ ပွဲတော်များကိုလည်း တောင်ဥက္ကလာပစေတီတော်ကြီး၏ ရင်ပြင်မှာပဲ ကျင်းပပြုလုပ်ကြရပါတယ်။ ယခုအခါ ဘုရားစေတီတော်ကြီး၏ ပရဝဏ်၏ ပေ ၁၀၀ အတွင်း သစ္စာလမ်းနှင့် သံသုမာလမ်းထောင့် (၁၄)ရပ်ကွက်တွင် ၉၆ ပေအမြင့်ရှိသော ရှစ်ထပ်ခွဲအဆောက်အဦ၏ ဆောက်လုပ်ရေးလုပ်ငန်းများ တည်ဆောက်နေသည်ကို တွေ့နေရပါတယ်။ ထိုသို့တည်ဆောက်နေခြင်းကို တောင်ဥက္ကလာပမြို့နယ်၏ ပြည်သူပြည်သားများ၊ စေတီတော်ကြီး၏ ဂေါပကအဖွဲ့များမှလည်း ကန့်ကွက်ခြင်းကို သက်ဆိုင်ရာသို့ အကြိမ်ကြိမ်တင်ပြခဲ့ကြပါတယ်။ ဥက္ကလာပစေတီတော်ကြီးလိုပဲ ထင်ရှားကျော်ကြားသောစေတီတော်များဖြစ်သော ရွှေဘုန်းပွင့်စေတီတော်၊ ရန်ကင်းမိုးကောင်းစေတီတော်တို့၏ ကန့်သတ်ဇရိယာအတွင်းမှာ ပေ ၄၀ ထက်ပိုသော

အထက်မြင့်အဆောက်အဦများဆောက်လုပ်ခြင်းကို တားမြစ်ထားတယ်လို့ သိရှိရပါတယ်။ ဥက္ကလာပစေတီတော်ကြီး ပရဝဏ်၏ ပေ ၁၀၀ အတွင်း ဆောက်လုပ်နေသော ၎င်းအဆောက်အဦအား မြို့နယ်အတွင်းရှိ ပြည်သူပြည်သားများ၊ စေတီတော်ကြီး၏ ဂေါပကအဖွဲ့များမှ ပေ ၆၀၊ ပေ ၇၀ ထက်မမြင့်သောအဆောက်အဦဖြင့် ခွင့်ပြုခြင်းကိုသာ လိုလားလျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကလာပစေတီတော်ကြီးပရဝဏ်၏ ပေ ၁၀၀ အတွင်း တည်ဆောက်နေသော ၎င်းအဆောက်အဦအား ပေ ၆၀၊ ပေ ၇၀ ထက်မမြင့်သော အဆောက်အဦအဖြစ်သာ ခွင့်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် သစ္စာလမ်းနှင့် သံသုမာလမ်းထောင့်မှာ တည်ထားကိုးကွယ်လျက်ရှိတဲ့ ဉာဏ်တော် ၁၀၈ ပေရှိတဲ့ ဥက္ကလာပစေတီပရဝဏ်ရဲ့ ပေ ၁၀၀ အတွင်းမှာ ပေ ၇၀ ထက်မြင့်တဲ့ အထပ်မြင့်အဆောက်အဦဆောက်လုပ်နေခြင်းနှင့်ပတ်သက်ပြီးတော့မှ ဂေါပကအဖွဲ့အနေနဲ့ စေတီတော်မြတ်ကြီးရဲ့ ကြည်ညိုဖွယ်ရာမြင်ကွင်းကို ကွယ်စေခြင်း၊ အဂါရဝဖြစ်စေခြင်းတို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားခဲ့တဲ့အခါမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တာဝန်ကျဒုတိယအဖွဲ့ခွဲက ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့သို့ ဒါကို စိစစ်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့ပါတယ်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရဲ့လမ်းညွှန်ချက်အရ ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့က ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ရုံးမှာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၊ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့ရဲ့ရှေ့မှောက်မှာ စေတီတော်ကြီးရဲ့ ဂေါပကအဖွဲ့နဲ့ ဆာကူရာကုမ္ပဏီလီမိတက်တို့ကို ခေါ်ယူပြီးမှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်းပဲ ပြေလည်မှုမရရှိခဲ့ပါဘူး။

တောင်ဥက္ကလာပစေတီတော်သည် ၁၉၉၀ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီးမှ ဉာဏ်တော် ၁၀၈ ပေ ရှိပါတယ်။ အဲဒီမြေကွက်ဟာ မြေရှင် ဦးဌေးအောင် မူလက မူအားဖြင့် ခွင့်ပြုထားတဲ့ Basement + ၁၂.၅ ထပ်တိုက်အစား လေးထပ်လျှော့ပြီးတော့မှ တောင်ဥက္ကလာပစေတီတော်ရဲ့ စိန်ဖူးတော်နှင့် ထီးတော်တို့ထက်နိမ့်ချပြီးတော့မှ အမြင့် ၉၈ ပေရှိတဲ့ Basement + ၈.၅ ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပေးပါရန် တင်ပြလျှောက်ထားမှုကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ ပြုလုပ်တဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အစည်းအဝေးအမှတ်စဉ်(၁၈/၂၀၁၅) ဆုံးဖြတ်ချက်အပိုဒ်(၇) အရ သဘောတူကြောင်း အကြောင်းပြန်ခဲ့ပါတယ်။ အဲဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကနေပြီးမှ သတ်မှတ်ထားတဲ့စည်းကမ်းများနှင့်ကိုက်ညီသဖြင့် ခွင့်ပြုပေး ခဲ့ခြင်းဖြစ်ကြောင်း၊ ရှင်းလင်းတင်ပြခဲ့ပါတယ်။ စေတီတော်မြတ်ကြီးရဲ့ကြည်ညိုဖွယ်ရာမြင်ကွင်းကို မကွယ်နိုင်ကြောင်း သက်ဆိုင်ရာကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးဌေးအောင်ကလည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို တင်ပြလာခဲ့ပါတယ်။ ဒါနဲ့ပဲ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှာ ကျင်းပတဲ့ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)ရဲ့ ဒုတိယအကြိမ် နဝမအစည်း အဝေးကနေပြီးမှ ဥက္ကလာပစေတီတော်အနီးပတ်ဝန်းကျင်မှာ အထပ်မြင့်အဆောက်အဦများ ဆောက်လုပ်ခြင်းကြောင့် စေတီတော်ရဲ့မြင်ကွင်းကိုထိခိုက်စေခြင်း၊ စေတီတော်ရဲ့ကြံ့ခိုင်မှုကိုထိခိုက် စေခြင်း အစရှိတဲ့ မဖြစ်ပေါ်စေရေးအတွက်ကို သာသနာတော်အရှည်တည်တံ့နိုင်မည့်အရေးကို တွက်ဆပြီးတော့မှ ဘာသာရေးရှုထောင့်၊ ယဉ်ကျေးမှုရှုထောင့်၊ ဘူမိဗေဒရှုထောင့်နှင့် အင်ဂျင်နီယာ ရှုထောင့်အသီးသီးတို့ကနေပြီးတော့မှ ပညာရှင်များနှင့် စနစ်တကျတွက်ချက်ပြီး ပြန်လည်တွက်ချက်ပြီး မှ ဆောင်ရွက်ဖို့ အခုနက ဒါကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကကနေ မေတ္တာရပ်ခံခဲ့ပါတယ်။ အဲဒီမေတ္တာခံချက်အရ အခုနက ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ကနေပြီးမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ကို ပညာရှင်များပါတဲ့အဖွဲ့နဲ့ ပြန်လည် သုံးသပ်စစ်ဆေးဖို့အတွက်ကိုလည်း ထပ်မံညွှန်ကြားခဲ့ပါတယ်။ အဲဒီအခါမှာ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်း၊ မြန်မာနိုင်ငံဘူမိဗေဒအသင်း၊ တိုင်းဒေသကြီးသာသနာရေးမှူး ရုံးတို့ စတဲ့ ပညာရှင်များပါဝင်တဲ့အဖွဲ့နဲ့ ကွင်းဆင်းစစ်ဆေးညှိနှိုင်းမှုများပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ် တဲ့အခါမှာ ၃-၃-၂၀၁၆ ရက်နေ့မှာကျင်းပတဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးကို

ပြန်ပြီးတင်ပြတဲ့အခါမှာ ပညာရှင်များအဖွဲ့ရဲ့ အစီရင်ခံချက်အရ အမြင့် ၉၆ ပေအထိကို ခွင့်ပြုကြောင်း အတည်ပြုခဲ့ပါတယ်။

အလားတူပဲ ဥက္ကလာပစေတီတော် ဂေါပကအဖွဲ့ကနေပြီးတော့မှ စေတီတော်ရဲ့မဟာရံတံတိုင်းနဲ့ ၅၉ ပေသာ ကွာဝေးတဲ့ မြေကွက်နေရာမှာ ဆာကူရာကုမ္ပဏီကနေပြီးတော့မှ ရှစ်ထပ်ခွဲအဆောက်အဦ ဆောက်လုပ်ရန်ကိစ္စနဲ့ပတ်သက်ပြီးတော့ တားမြစ်ပေးဖို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ထပ်မံမေတ္တာရပ်ခံခဲ့ပါတယ်။ အဲဒီမေတ္တာခံချက်အရ ဝန်ကြီးဌာနအနေနဲ့လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးတို့ကို ဒါကို ပြန်လည်သုံးသပ်ပေးပါရန် ထပ်မံညှိနှိုင်းခဲ့ပါတယ်။ ဒီလိုအပြန်အလှန်ညှိနှိုင်းချက်တွေအရ စိစစ်မှုအကြိမ်ကြိမ်ပြုလုပ်ပြီးတဲ့အခါမှာ အခုနက Basement + ၈.၅ ထပ်တိုက်အား ခွင့်ပြုထားပြီးဖြစ်သဖြင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှာ ကျင်းပတဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ အစည်းအဝေးကနေပြီးမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးမှာ ခွင့်ပြုခဲ့တဲ့အတိုင်းပဲ Basement + ၈.၅ တိုက်ကို အမြင့် ၉၆ ပေအထိ ခွင့်ပြုရခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါတယ်။ ဆာကူရာကုမ္ပဏီအနေနဲ့ အမြင့်ပေ ၉၈ ပေရှိတဲ့ ရှစ်ထပ်ခွဲအဆောက်အဦဆောက်လုပ်ခြင်းနှင့်ပတ်သက်ပြီးတော့မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့အနေနဲ့ ဥက္ကလာပစေတီတော် ဂေါပကအဖွဲ့ရဲ့တင်ပြချက်များအရ သက်ဆိုင်ရာတာဝန်ရှိတဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ကို ကျွန်တော်တို့ အကြိမ်ကြိမ်ညှိနှိုင်းအသိပေးခဲ့ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ပညာရှင်များနဲ့ဖွဲ့စည်း စစ်ဆေးပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ဒီကိစ္စကို တိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့အဆုံးအဖြတ်သည်သာ အဓိကဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး တင်ပြခွင့်ပြုပါခင်ဗျား။ အခုနက ဝန်ကြီးက စေတီတော်ကြီးကိုဖုံးမွှော်တဲ့ အဓိကမြင်ကွင်းလမ်းကြောင်း မကွယ်ပါဘူး၊ ထိခိုက်မှုမရှိပါဘူးလို့ ပြောသွားပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အငယ်သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ မြေပုံမှာပြထားသလိုပဲ စေတီတော်ကြီးရဲ့အနောက်ဘက်မှာ ငမိုးရိပ်ချောင်းက ဝန်းရံထားပါတယ်။ ဒါကြောင့် စေတီတော်ကြီးရဲ့မြင်ကွင်းကအရှေ့ဘက်မှာပဲရှိတယ်ဆိုတာ တင်ပြတာဖြစ်ပါတယ်။ ဒုတိယပုံမှာပြထားသလိုပဲ စေတီတော်ကြီး

၏ပရဝဏ်နဲ့ အခု တည်ဆောက်နေတဲ့ ဆာကူရာ နီးကပ်စွာတည်ရှိတယ်ဆိုတာ တင်ပြတာဖြစ်ပါတယ်။ ၅၉ ပေတည်း ကွာဝေးတာဖြစ်ပါတယ်ခင်ဗျား။ တတိယပုံမှာ စေတီတော်ကြီးကို ရှေ့သယ်နီးကပ်နေတာ ဖြစ်ပါတယ်။ ဘေးမှာမြင်နေရတာက အဲဒီနေရာမှာတည်ဆောက်နေတဲ့ ကရိန်းရဲ့မောင်းတိုင် ဖြစ်ပါတယ်။ အဲဒီမောင်းတိုင်ရဲ့အနေအထားကိုကြည့်တာနဲ့တင် မြင်ကွင်းကို ထိခိုက်မှုရှိတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ဝန်ကြီးပြောသွားတဲ့အထဲမှာ မူလပိုင်ရှင်များ နစ်နာမှုမရှိဘူးလို့ ပြောသွားပါတယ်။ တကယ်တော့ မူလပိုင်ရှင်မရှိပါဘူး။ အစကတည်းက မြေကွက်လပ်ကြီးဖြစ်တယ် ဆိုတာ ဖြစ်ပါတယ်။ ပြီးတော့ ပိုင်ရှင်ကလည်း ဆာကူရာကုမ္ပဏီဥက္ကဋ္ဌကလည်း သူ့မြေကွက်ဖြစ် ပါတယ်။ ပြီးတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်ဖြစ်တဲ့အချိန်မှာ သူပိုင်တဲ့ မြေကွက်ကို သူကိုယ်တိုင်ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။ နောက်ပြီးတော့ ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာဥပဒေ အခန်း (၆)၊ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဃ)မှာလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက မြေကိုအသုံးချမှု၊ အဆောက်အဦအထပ်အရေအတွက်နှင့် အမြင့်ပေများသတ်မှတ်နိုင် တယ်လို့ ပါရှိပါတယ်ခင်ဗျား။ ဒါကြောင့်မို့ ဝန်ကြီးတို့အနေနဲ့ စေတီတော်ကြီးပရဝဏ်၏ ပေ ၁၀၀ အတွင်း အမြင့်ပေ ၆၀ ပေ၊ ပေ ၇၀ ထက်မြင့်သော အဆောက်အဦဆောက်လုပ်ခြင်း ခွင့်မပြုဖို့ကို လေးလေးနက်နက် ပြန်လည်စဉ်းစားပေးပါလို့ မေတ္တာရပ်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ကိုယ်စားလှယ်ကြီးရဲ့တင်ပြချက် နောက်စေတီတော်ကြီးဂေါပကအဖွဲ့ရဲ့တင်ပြချက်အရ ကျွန်တော်တို့ ခုနရှင်းလင်းဖြေကြားခဲ့တဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုမေတ္တာခံခဲ့ပါတယ်။ နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလည်း မေတ္တာရပ်ခံခဲ့ ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ဒီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပညာရှင်တွေပါဝင်တဲ့ အဖွဲ့နဲ့ ဒုတိယအကြိမ်ကွင်းဆင်းစုံးစမ်းတဲ့အခါမှာ ပညာရှင်များရဲ့တွေ့ရှိချက်အရ စေတီတော်ကြီးရဲ့ ကြံ့ခိုင်မှုကိုလည်းမထိခိုက်စေနိုင်ဘူး။ ခုနမြင်ကွင်းလည်းလုံးဝပိတ်ဆို့သွားခြင်းမရှိဘူး။ နောက် ဘူမိ ဗေဒ အနေအထားလည်းပျက်ယွင်းမှုမရှိဘူးဆိုတဲ့အနေအထားတွေကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရကနေပြီးတော့မှ ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ တစ်ခါဒီအခြေအနေကို နိုင်ငံတော်သံဃာ့မဟာ နာယက ပြန်လည်ကိုတင်ပြတဲ့အခါမှာလည်းဘဲ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့က ကျွန်တော်တို့

မူအားဖြင့်လက်ခံခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ ဥက္ကလာပစေတီတော် ဟာ ၁၉၉၀ ပြည့်နှစ်မှာတည်တဲ့ စေတီတော်တစ်ဆူဖြစ်ပါတယ်။ ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် စေတီတစ်ဆူလည်းမဖြစ်သေးပါဘူး။ ကျွန်တော်တို့ ဒါနဲ့ ပတ်သက်လို့ရှိရင်တော့ ရှေးဟောင်းသမိုင်းဝင်ဖြစ်တဲ့ ရွှေတိဂုံစေတီတော်ကြီးကိုပဲ ရန်ကုန်မှာအဓိကထားပြီးတော့ပဲ မြင်ကွင်းမကွယ်ဖို့၊ အဂါရဝမဖြစ်ဖို့ ဒါကိုကျွန်တော်တို့ အဓိကထားထိန်းသိမ်းကြပ်မတ်ပါတယ်။ ဆူးလေစေတီတော်ကြီးရဲ့ အနီးပတ်ဝန်းကျင်းမှာလည်းပဲ စေတီတော်ကြီးထက်ပိုမြင့်တဲ့ အထပ်မြင့်အဆောက်အဦတွေဆောက်ထားတာကို တွေ့နိုင်မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ခုန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ထပ်မံညှိနှိုင်းဖို့ပဲရှိသော်လည်းပဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကတော့ လက်ရှိအတိုင်းပဲ Basement+၈.၅ ထပ်ကိုပဲခွင့်ပြုမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပြီးတဲ့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအတွက် ရွေးကောက်ပွဲကာလအတွင်း ချီးမြှင့်ငွေများ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအတွက် ရွေးကောက်ပွဲကာလအတွင်း ချီးမြှင့်ငွေများ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျင်းပပြီးစီးခဲ့သော ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့တဲ့ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်

ရွေးကောက်ပွဲကော်မရှင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ ဥက္ကဋ္ဌ၊ အဖွဲ့များအသီးသီးတို့ဟာ မိမိတို့ရဲ့ ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပြီးတော့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ တာဝန်ယူဆောင်ရွက်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သော လစဉ် ချီးမြှင့်ငွေများပေးအပ်နိုင်ရန် ၉-၆-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) မှ သဘောတူအတည်ပြုခဲ့ပါတယ်။ အောက်ဖော်ပြပါ ချီးမြှင့်ငွေနှုန်းထားများအတိုင်းပေးအပ်ရန် ၂၀၁၆ ခုနှစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ၂၅-၇-၂၀၁၆ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ကျပ် ၃၄၀၀၀၀၊ အဖွဲ့ဝင်ကို ကျပ် ၃၁၀၀၀၀၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ကျပ် ၃၁၀၀၀၀၊ အဖွဲ့ဝင်ကို ကျပ် ၂၈၀၀၀၀၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ကျပ် ၂၈၀၀၀၀၊ အဖွဲ့ဝင်ကို ကျပ် ၂၅၀၀၀၀၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ကျပ် ၉၀၀၀၀၊ အဖွဲ့ဝင်ကို ကျပ် ၇၀၀၀၀။ ၎င်းခံစားခွင့်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစပြီးတော့ ခံစားခွင့်ပြုကြောင်းသိရှိရပါတယ်။ သို့သော် ၎င်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်တို့ဟာ ယနေ့အထိ ချီးမြှင့်ငွေများမခံစားရသေးကြောင်း ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနဲ့ လားရှိုးခရိုင် ကော်မရှင်အဖွဲ့ ခွဲ၊ အဖွဲ့ဝင်တို့က မေးမြန်းတင်ပြလာပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအတွက် ရွေးကောက်ပွဲကာလအတွင်း ချီးမြှင့်ငွေများ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်ကာလတွင် ပေးအပ်မည်။ မရှိပါက အဘယ်ကြောင့်ဆိုသည်ကို ပြည်သူလူထုရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးလှတင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ မေတ္တာပို့သ နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးလှတင့် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကော်မရှင်ရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအတွက် ချီးမြှင့်ငွေနှင့် ပတ်သက်လို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)မှာ ကျွန်တော်တို့ အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဲဒီ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)ကတော့ ကော်မရှင်သည် နိုင်ငံဝန်ထမ်းမဟုတ်သည့်အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်တဲ့လစဉ်ချီးမြှင့်ငွေကို ရရှိခံစားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမယ်လို့ အဲဒီလိုပြဋ္ဌာန်းထားခဲ့ပါတယ်။ အဲဒီပြဋ္ဌာန်းချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့ရာမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီးတော့ အရင်ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၈-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ဘဏ္ဍာ-၂/၂/၃၁၀(၁၈၁၀/၂၀၁၆)နဲ့ ဒီကိစ္စဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နဲ့သာ သက်ဆိုင်နေတယ်။ ဒါကြောင့်မို့လို့ နောက်အစိုးရကသာ ဆက်လက်ဆောင်ရွက်ဖို့ဖြစ်တယ်လို့ အဲဒီလိုပဲ အကြောင်းပြန်ကြားလာခဲ့ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၁၆)မှာ ဆက်လက်ဆောင်ရွက်ခဲ့ရာမှာ သဘောတူဆုံးဖြတ်ချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၂၅-၇-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၂၉/၂၀၁၆) အရ ထိုက်သင့်တဲ့လစဉ်ချီးမြှင့်ငွေများကို သတ်မှတ်ပေးပြီးတော့ ခံစားခွင့်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ကစပြီးတော့ ခွင့်ပြုခဲ့ပါတယ်။

အဲဒီတော့ ခံစားခွင့်ကလည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလကစပြီး ခံစားခဲ့ခြင်းဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲကာလနှင့် သက်ဆိုင်ခြင်းမရှိကြောင်းလည်း ထင်ရှားပေါ်လွင်နေပါတယ်။ အဲဒီတော့ ၂၀၁၅ ခုနှစ်မှာ ကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲမှာ ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံဝန်ထမ်းမဟုတ်တဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နဲ့ ပတ်သက်ပြီးတော့

အစည်းအဝေး ထိုင်တဲ့စရိတ်၊ နေ့တွက်စရိတ်၊ ခရီးသွားလာရတဲ့ကုန်ကျစရိတ်များကို ယခင်ကော်မရှင် ကချီးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအကြောင်းကို ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ နောက်တစ်ခါ ရွေးကောက်ပွဲပြီးတဲ့ကာလများမှာ အဲဒီကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ပုဂ္ဂိုလ် တစ်ဦးချင်း၊ တစ်ဦးချင်းကို ငွေတစ်သိန်းနှုန်းနဲ့ ဂုဏ်ပြုလက်မှတ် ချီးမြှင့်ကြောင်းလည်း လေ့လာသိရှိရပါတယ်။ အဲဒီတော့ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲကာလအတွင်းမှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ချီးမြှင့်ငွေပြန်လည်ပေးအပ်ဖို့ ဥပဒေပြဋ္ဌာန်းချက်နဲ့ အမိန့် ညွှန်ကြားချက်တစ်စုံတစ်ရာလည်းမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်း မဟုတ်တဲ့အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ချီးမြှင့်ငွေများ ပြန်လည်ပေးအပ်ရန် အစီအစဉ်မရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

ဆက်လက်တင်ပြလိုတာကတော့ ချီးမြှင့်ငွေနဲ့စပ်ဆိုင်တဲ့ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)နဲ့ပတ်သက်ပြီး တော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီမှာ ဥပဒေအဖြစ် တရားဝင်အတည်ဖြစ်လာလို့ရှိရင် အဲဒီဥပဒေနဲ့အညီ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း များနဲ့အညီ ကော်မရှင်အဖွဲ့ခွဲဝင်များကို ချီးမြှင့်ငွေနှင့်စရိတ်များ ပေးသွားမည်ဖြစ်ပါကြောင်း ထပ်လောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပေးတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဆောင်ရွက်ရာတွင် တောင်သူများ၏ စိုက်ပျိုးမြေများကို သိမ်းယူခြင်း၊ ကျေးရွာရွှေ့ပြောင်းပေးရခြင်းတို့ကို ဆက်လက်မဖြစ်ပေါ်စေရန် တားမြစ်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များ အတိုင်း ကုမ္ပဏီများက လိုက်နာဆောင်ရွက်စေရေးနှင့် တစ်စိတ်တစ်ပိုင်းဟင်းလင်းပွင့်စနစ်ကျင့်သုံးရန် ရှိ/မရှိကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဆောင်ရွက်ရာတွင် တောင်သူများ၏စိုက်ပျိုးမြေများကိုသိမ်းယူခြင်း၊ ကျေးရွာများ ရွှေ့ပြောင်းပေးရခြင်းတို့ကို ဆက်လက်မဖြစ်ပေါ်စေရန် တားမြစ်ပေးမည့်အစီအစဉ်ရှိမရှိနှင့် စုံစမ်းစစ်ဆေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များအတိုင်း ကုမ္ပဏီများမှလိုက်နာဆောင်ရွက်စေရေးနှင့် တစ်စိတ်တစ်ပိုင်းဟင်းလင်းပွင့်စနစ်ကျင့်သုံးရန် အစီအစဉ်ရှိမရှိကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြယ်ပွင့်ပြမေးခွန်းတင်သွင်းရခြင်းရဲ့ရည်ရွယ်ချက်များကတော့ (၁) စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူတို့က တိကျသေချာစွာလိုက်နာ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများနှင့်ဝမ်ပေါင်ကုမ္ပဏီတို့ကြားဖြစ်ပေါ်နေသော သီးနှံလျော်ကြေးအစရှိသည့်ပြဿနာများ ပြေလည်ချုပ်ငြိမ်းသွားပြီး ပြည်သူလူထုနှင့် အနာဂတ်မျိုးဆက်သစ်တို့အကျိုးရှိအောင် ရေရှည်ဆောင်ရွက်နိုင်ရန်ဖြစ်ပါတယ်။ (၂) လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှ ကြေးနီသတ္တုဖျော်ရည်ကန်များ Three Stages of Cell နဲ့ဆက်စပ်သော စက်ရုံ၊အလုပ်ရုံများအတွက် စိုက်ပျိုးမြေဧက ၇၈၆၃.၇၈ သိမ်းယူခြင်းနှင့် ကျေးရွာလေးရွာပြောင်းရွှေ့ရခြင်းသည် အဓိကပြဿနာဖြစ်ရာ မြေလွတ်မြေရိုင်းများတွင်လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် အဆိုပါပြဿနာများပြေလည်သွားပြီး မိုင်းလုပ်တဲ့အတွက်အလုံအလောက်မြေနေရာရရှိစေရန် ဖြစ်ပါတယ်။ (၃) တစ်စိတ်တစ်ပိုင်းဟင်းလင်းပွင့်သတ္တုတူးဖော်နည်း (Semi Open-pit Money Method)ကိုကျင့်သုံး၍ ဖော်ပြပါသဘာဝအလှရှုခင်းများနှင့်မြင်ကွင်းများ (Aesthetic Value) ပျောက်ကွယ်သွားမည်မဟုတ်ဘဲ အက်ဆစ်မှုန်များ၊ အသံဆူညံမှုများဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ထိခိုက်လာမှု လျော့နည်းသွားစေရန်တို့ ဖြစ်ပါတယ်။

**မှူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ဒါကတော့လွန်ခဲ့တဲ့ ၆ နှစ်ခန့်ကမြင်ကွင်းဖြစ်ပါတယ်။ ဒါကတော့ ဒေသခံတွေရဲ့သိုးအုပ်ဖြစ်ပါတယ်။ သိုးအုပ်ကအထင်သေးလို့မရပါဘူး။ တစ်ချက်တစ်ချက် ဖားကန့်သွားရောင်းလို့ရှိရင် သိန်း ၉၀ မျိုး ၁၀၀ မျိုးရပါတယ်။ ဒါကတော့ လက်ပံတောင်းတောင်ရဲ့ တောင်တန်းတောင်ကြောကြီးဖြစ်ပါတယ်။ တောင်စဉ်ပေါင်း ၃၃ လုံးရှိတယ်လို့ဆိုပါတယ်။ ဒါကတော့ လက်ပံတောင်းတောင်ဒေသရဲ့ဒေသခံတွေက စိုက်ပျိုးထားတဲ့နေကြာခင်းဖြစ်ပါတယ်။ အဲဒီမှာနေကြာခင်းအပြင် စပါးခင်း၊ ဂျုံ၊ ပြောင်း၊ ပဲ၊ နှမ်းစသည်ဖြင့်ကုလားပဲအပါအဝင် အားလုံးကျေးရွာကထွက်တာပဲဖြစ်ပါတယ်။ ဒါကတော့ လက်ပံတောင်းတောင်ဒေသကိုစတဲ့အချိန် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့လေးငါးနှစ်ကပါ။ ဒါကတော့ စပါးခင်းဖြစ်ပါတယ်။ ဒါကတော့ လယ်မဟုတ်ပါဘူး။ ယာပါ။ နွားစာတွေ ဘာတွေကျွေးတာ ဖြစ်ပါတယ်။ ပြောင်းရိုးတို့ဘာတို့ဆိုနွားကအင်မတန်ကြိုက်ပါတယ်။ ဒါကတော့ လုပ်ငန်းကိုစပြီးတော့ ရှိတဲ့စက်ယန္တရားတွေနဲ့ အင်တိုက်အားတိုက်နင်းကန်ခွပြီးတော့ လူကွဲဒူးပြုကြတဲ့အချိန်ပဲဖြစ်ပါတယ်။ ဒါကတော့ နောက်ဆုံးလက်ရှိအချိန်ပဲဖြစ်ပါတယ်။ ဟုတ်ကဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ⊡ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းဖြစ်ပါတယ်။ ဆားလင်းကြီးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော်ရဲ့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဆောင်ရွက်ရာမှာ ကုန်ချောထုတ်လုပ်ရန်မြေနေရာကို မြေလပ်များရှိပါလျက် တောင်သူများရဲ့စိုက်ပျိုးမြေများကိုသိမ်းယူခြင်း၊ ကျေးရွာရွှေ့ပြောင်းပေးရခြင်းတို့ကို ဆက်လက်မဖြစ်ပေါ်စေရန်တားမြစ်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များအတိုင်း ကုမ္ပဏီများကလိုက်နာဆောင်ရွက်စေရေးနှင့် တစ်စိတ်

တစ်ပိုင်းဟင်းလင်းပွင့်(Semi Open-pit)စနစ်ကျင့်သုံးရန် ကော်မရှင်၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်ရှိ/မရှိတို့ကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမအနေနဲ့ ကျွန်တော်ဖြေကြားသွားမှာကတော့ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဆောင်ရွက်ရာမှာ ကုန်ချောထုတ်လုပ်တဲ့မြေနေရာ မြေလပ်ပါရှိပါလျက် တောင်သူများရဲ့စိုက်ပျိုးမြေကို သိမ်းယူခြင်း၊ ကျေးရွာများကိုရွှေ့ပြောင်းခြင်းကို ဆက်လက်မဖြစ်ပေါ်စေရေးတားမြစ်ပေးမယ့် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီးတော့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွက် မူလသတ်မှတ်ထားတဲ့စီမံကိန်းမြေဧရိယာက ခုနကကိုယ်စားလှယ်တော်ကြီးတင်ပြသလိုပါပဲ။ ၇၈၆၇.၀၀ ဧက ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာပါအကြံပြုချက်အတိုင်း သိမ်းဆည်းတဲ့မြေယာများကို စစ်ဆေးရေးအဖွဲ့ဟာ မြေဧရိယာအချို့ကိုစိစစ်ပြီးတော့ အချို့ကိုတောင်သူများထံပြန်ပြီးတော့ပေးအပ်ခြင်း၊ လမ်း၊ ဆည်မြောင်းနဲ့ကျေးရွာတိုးချဲ့ဧရိယာများကို ချန်လှပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သာသနိကအဆောက်အဦများကိုချန်လှပ်ခြင်းစတဲ့ စီမံကိန်းဧရိယာအတွင်းက ထုတ်နုတ်ဆောင်ရွက်ခဲ့ပြီးတော့ စုစုပေါင်း ၉၀၅.၅၈ ဧကကိုထုတ်နုတ်ခဲ့ရာ ကျန်ရှိတဲ့ ၆၉၆၁.၄၂ ဧကအတွင်းမှာသာ စီမံကိန်းများကိုဆောင်ရွက်သွားမှာဖြစ်ပြီးတော့ နောက်ထပ်မြေများကို ချဲ့ထွင်သိမ်းယူရန်လည်းအစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းနှင့်ပတ်သက်ပြီးတော့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်တွေမှာ ကုမ္ပဏီကဆောင်ရွက်ရန်ကျန်ရှိသေးသည့် အချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့အစီရင်ခံစာပါ အကြံပြုချက် ၄၂ ချက်အပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ၂၅-၃-၂၀၁၅ ရက်နေ့ထိ ၃၇ ချက်ကိုဆောင်ရွက်ပေးပြီးဖြစ်တဲ့အတွက်ကြောင့်မိုလို့ အကြံပြုချက်များရဲ့ ၈၈.၁ ရာခိုင်နှုန်းကို ဆောင်ရွက်နိုင်ပြီးဖြစ်ပါတယ်ခင်ဗျား။ ဆက်လက်ဆောင်ရွက်ရန်ကျန်တဲ့ အကြံပြုချက် ၅ ကတော့ သူတို့ကတော့လုပ်ငန်းရဲ့သဘာဝအရ လုပ်ငန်းစဉ်တစ်လျှောက်လုံး(Monitoring & Evaluation Process)နဲ့ရေရှည်စောင့်ကြည့်မှာဖြစ်ပြီးတော့ ပူးပေါင်းစီမံခန့်ခွဲမှုကော်မတီကနေပြီးတော့ ဆောင်ရွက်ရမယ့်

လုပ်ငန်းများဖြစ်ပါတယ်။ ကျန်ရှိတဲ့လုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်တဲ့အခါမှာ ၅ ချက်ကိုတော့ ကျွန်တော်အကျဉ်းချုပ်အားဖြင့် Power Point မှာတင်ပြပါမယ်ခင်ဗျား။

ပထမအချက်ကတော့ မြေလျော်ကြေးနှင့်ပတ်သက်ပြီးတော့ သိမ်းဆည်းတဲ့အဖွဲ့ကနေပြီးတော့ မြေများကိုစိစစ်လျော်ပေးတဲ့အခါမှာ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိကိုဆိုရင်တော့ အားလုံးသီးနှံ၊ ရေတွင်း၊ မြေယာ စုစုပေါင်းကျပ်သိန်းပေါင်း ၁၂၅၄၀၁.၄၂ ကျပ် လျော်ပေးပြီး ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကနေ ဆောင်ရွက်မယ့် ESIA အစီရင်ခံစာများကိုလည်းပဲ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အတည်ပြုပြီး ဖြစ်ပါတယ်။ အတည်ပြုတဲ့အတိုင်းလည်း ဆက်လက်ဆောင်ရွက်နေပါတယ်။ Mine Closure Fund နဲ့ပတ်သက်ပြီးတော့ နှစ်စဉ်အမေရိကန်ဒေါ်လာ နှစ်သန်းကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် သို့မဟုတ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဘဏ်များမှ Escrow Account ငွေစာရင်းဖွင့်လှစ်ရေးနဲ့ပတ်သက်ပြီးတော့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်က အတည်ပြုတဲ့အတွက်ကြောင့်မို့လို့ Escrow Account ကိုလည်းပဲ ကျွန်တော်တို့ဖွင့်လှစ်လျက်ရှိပါတယ်။

တတိယအချက်က ပုသိမ်-မုံရွာကားလမ်းဘေးမှာရှိတဲ့ ဒေသန္တရနည်းအားဖြင့် ဒုတ္တာ/ကြေးနီတွေချက်တဲ့နေရာမှာ သီးနှံစိုက်ပျိုးနိုင်ရေးအတွက် ဒုတ္တာမြေတွေကိုရှင်းလင်းတယ်။ အပေါ်ယံမြေဆီလွှာတွေကို သယ်ဖို့ခြင်းလုပ်ငန်းတွေကို လုပ်တဲ့အတွက်ကြောင့်မို့လို့ အပေါ်ယံမြေဆီလွှာများ စုပေါင်းထည့်ခြင်းလုပ်ငန်းကိုလည်း အမေရိကန်ဒေါ်လာ ၁.၉၅ သန်း အကုန်အကျခံပြီးတော့ စီမံကိန်းကနေတာဝန်ယူပြီးတော့ ဆောင်ရွက်ပေးပါတယ်။ ဒုတ္တာဖယ်ရှားပြီးတဲ့မြေနေရာတွေမှာ မြေငှား (Borrow Soil) မြေဆီလွှာတွေကို ထည့်သွင်းပေးခြင်းအားဖြင့် ဒေသခံများရဲ့ ငှက်ပျော၊ သရက်ပင်များကိုလည်းပဲ စိုက်ပျိုးနိုင်ပြီဖြစ်ပါတယ်။

စတုတ္ထအချက်အနေကတော့ စီမံကိန်းလည်ပတ်ချိန်ကစတင်ပြီးတော့ အစောဆုံး ၁၈ လ အတွင်း နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် သုံးစောင်ဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစီမံခန့်ခွဲခြင်းဆိုင်ရာလက်မှတ် ISO 14001: 2004၊ ထုတ်လုပ်မှုစီမံခန့်ခွဲခြင်းဆိုင်ရာလက်မှတ် ISO 9001: 2008၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုဆိုင်ရာလက်မှတ် OHSAS

18001:2007 တို့ကိုအမြန်ဆုံးရရှိရန်ဆောင်ရွက်ရေးကိစ္စနှင့်ပတ်သက်ပြီးတော့ ၅-၅-၂၀၁၆ ရက်နေ့က စပြီးတော့ ထုတ်လုပ်မှုစတင်တဲ့ကာလကနေပြီးတော့ နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်သုံးစောင်ကို သတ်မှတ်ထားတဲ့ကာလအတွင်းရရှိရန်လည်း ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ် ခင်ဗျား။

နောက်ဆုံးအချက်ကတော့ ကြေးနီစီမံကိန်း ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ထိ ဒေသခံဆားလင်းကြီးနှင့် ယင်းမာပင်မြို့နယ်မှာရှိတဲ့ ကျေးရွာများမှ အားလုံးမြန်မာနိုင်ငံသား ကျေးရွာသားများ ၂၂၅၇ ဦးပါ မြန်မာနိုင်ငံသားဝန်ထမ်း ၂၉၃၆ ဦးကို အလုပ်ခန့်ထားပြီးဖြစ်ပါတယ်။ ဒီ့အပြင် မြေယာဆုံးရှုံးတဲ့ရွာသူရွာသားများအတွက် အလုပ်အကိုင်ရရန် စောင့်ဆိုင်းနေစဉ်ကာလအတွင်းမှာ သူတို့ကို ကာလအတွင်း လစဉ်ထောက်ပံ့ကြေးငွေ(Contribution Plan)အရ လစဉ်ထောက်ပံ့လျက်ရှိရာမှာ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ထိ တောင်သူ ၈၆၄ ဦးအတွက် ကျပ်သိန်းပေါင်း ၃၀၀၉၉.၃၉ ကျော်ကို ငွေစုဘဏ်အတွင်းမှာလည်း ကျွန်တော်တို့ဖွင့်လှစ်ပြီးတော့ပေးပြီးဖြစ်ပါတယ်။

တတိယမေးခွန်းကို ကျွန်တော်ဆက်လက်ဖြေကြားပါမယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးမေးတဲ့ တစ်စိတ်တစ်ပိုင်းဟင်းလင်းပွင့်(Semi Open-pit)စနစ်ကျင့်သုံးရန် စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အကြံပြုချက်အတိုင်း လိုက်နာကျင့်သုံးခြင်းနှင့်ပတ်သက်ပြီးတော့ ပြောရမယ်ဆိုလို့ရှိရင် သတ္တုသိုက်ဟာ ဇလားပုံသဏ္ဌာန်ရှိပါတယ်။ ရေပြင်ညီအလျားအလိုက် အနောက်မြောက်ကနေပြီးတော့ အရှေ့တောင်အတိုင်းထိုးထွက်ပြီးတော့ တောင်ကုန်းနှစ်ကုန်းတို့အကြားမှာ အောက်ဘက်မှာ ကျောက်မြေစာများဖုံးအုပ်ထားတဲ့သတ္တုသိုက်ကြီး ဖြစ်ပါတယ်။ အလျားအားဖြင့် ၂၂၀၀ မီတာ၊ အကျယ် ၁၄၀၀ မီတာ၊ အထူ ၁၄၀ မီတာ ရှိပါတယ်။ ပျမ်းမျှကြေးနီပါဝင်မှုကတော့ 0.3 Percent ပဲရှိပါတယ်။ လက်ပံတောင်းတောင် သတ္တုသိုက်ရဲ့အနေအထားအရ Open Pit စနစ်နဲ့ဆောင်ရွက်မှသာ ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ စီးပွားဖြစ်ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ Open Pit စနစ်ကို အသုံးပြုရတဲ့ အဓိကအကြောင်းအရင်းကတော့ သတ္တုတွင်းရဲ့လုပ်ငန်းခွင်က သတ္တုရိုင်းပါတဲ့မြေသားဟာ ထုထည်ကြီးမားပြီးတော့ ပါဝင်နှုန်းနည်းတဲ့အတွက်ကြောင့်မိုလို့ ကြီးမားတဲ့ယန္တရားများနဲ့တူးဖော်မှသာ စီးပွားဖြစ်ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ Environmental & Social Impact Assessment ကို ဩစတြေးလျနိုင်ငံအခြေစိုက် Knight Piesold ကုမ္ပဏီကနေပြီးတော့ တာဝန်ယူရေးဆွဲခဲ့ပါတယ်။ အဲဒီရေးဆွဲချက်

အရ EMP, SMP, CHMP အစရှိတဲ့ သက်ဆိုင်ရာစီမံကိန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုတွေအပေါ်မှာ ကြီးကြပ်စစ်ဆေးမယ့် Monitoring Plan များကိုလည်း ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ အဆိုပါ ESIA အစီရင်ခံစာများကို နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးတဲ့အဖွဲ့ဝင် ၃၉ ဦးနဲ့ ပြင်ပကျွမ်းကျင်သူပညာရှင် ၆ ဦး အပါအဝင် ESIA အစီရင်ခံစာစိစစ်သုံးသပ်ရေးအဖွဲ့(Review Team)ကလည်းပဲ စိစစ်သုံးသပ်မှုတွေကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးတော့ ပြင်ဆင်ဖြည့်စွက်ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ Review Team မှပညာရှင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၊ ဒေသခံကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်နဲ့အစိုးရအဖွဲ့မှ ကိုယ်စားလှယ်တော်များပါတဲ့အဖွဲ့ဟာ ဩစတြေးလျနိုင်ငံကို သွားရောက်ပြီးတော့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ကနေပြီးတော့ ၂၄ ရက်နေ့ထိ Perth မြို့မှာရှိတဲ့ သတ္တုတွင်းများကို လေ့လာခဲ့ပါတယ်။ လေ့လာတဲ့အခါမှာ Open Pit Mining စနစ်ဟာ လက်ပံတောင်းတောင်စီမံကိန်းအတွက် သင့်လျော်တဲ့နည်းလမ်းအဖြစ် လက်ခံပြီးဖြစ်ပါတယ်။ အဆိုပါ ESIA အစီရင်ခံစာများကို ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှာ အတည်ပြုခဲ့ပြီးတော့ အစီရင်ခံစာပါအစီအမံများအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်လျက်ရှိပါတယ်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့အစီရင်ခံစာပါ စိမ်းလန်းစိုပြည်ရေးအတွက် သတ္တုတူးဖော်ခြင်းမပြုဘဲနဲ့ ချန်လှပ်တဲ့သတ္တုတွင်းအနီးမှာရှိတဲ့ အစိတ်အပိုင်း(Periphery) ဧက ၅၄၆ ဧကမှာပါဝင်တဲ့ ခုနကကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ တောင်ကုန်းသုံးကုန်းကို ချန်လှပ်ထားပြီးတော့ ကော်မရှင်ရဲ့အစီရင်ခံစာပါ အပိုဒ် ၈၂ အပိုဒ်ခွဲ(က) (၁၅)ပါ အရအကြံပြုချက်ပါအတိုင်း ကြေးနီမထွက်တဲ့အနားအစပ်မှာရှိတဲ့ အစိတ်အပိုင်း (Periphery) များကို သဘာဝရှုခင်းမြင်ကွင်းများ၏ Aesthetic Value မပျောက်ပျက်စေပဲနဲ့ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးခွန်းပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အခုပထမတင်ပြမှာကတော့ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အပိုဒ် ၈၂ အပိုဒ်ခွဲ(က) (၁၅)တွင် အကယ်၍ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို ဆက်လက်၍ဆောင်ရွက်မည်ဆိုလျှင် အခြားရွေးချယ်စရာ

နည်းလမ်းများကို ဆန်းစစ်ကြည့်သောအခါ သဘာဝရှုခင်းမြင်ကွင်းများ Aesthetic Value ပျောက်ကွယ်မသွားစေရန်နှင့် အကျဆစ်မှုန့်များ၊ ဖုန်မှုန့်များနှင့် အသံဆူညံမှုများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းသွားစေရန်အတွက် တစ်စိတ်တစ်ပိုင်းဟင်းလင်းပွင့်(Semi Open-pit)နည်းလမ်းကိုကျင့်သုံး၍ သတ္တုတူးဖော်သင့်ပါသည်ဟုပါရှိတဲ့အတွက် တစ်စိတ်တစ်ပိုင်းဟင်းလင်းပွင့်မတူးလျှင်စီမံကိန်းကိုရပ်နားထားရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အပိုဒ် ၈၂ (က)(၁၅)အပေါ် မည်ကဲ့သို့အရေးယူဆောင်ရွက်ထားကြောင်း ပထမမေးမြန်းလိုပါတယ်။ တစ်ဆက်တည်းပဲ စောစောက ဝန်ကြီးဖြေကြားသွားတဲ့အပေါ်မှာ ဒီတောင်သုံးလုံးကိုတော့ ချန်လှပ်ခဲ့မယ်။ Aesthetic Value ရအောင်လို့ချန်ထားခဲ့မယ်ပြောတာက ဒါကတော့သဘာဝမကျပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီတောင်တွေဟာကြေးနီမရှိလို့ မတူးတာပါ။ ၃၃ လုံးဆိုတော့ ဒီတောင်သုံးလုံးက ကြေးနီမရှိပါဘူး။ အခြားတောင်ခမောက်တောင်၊ ရေတွင်းတောင်တို့ဆိုတဲ့တောင်တွင်လည်း ကြေးနီမရှိပါဘူး။ Memorization ပေါ့။ Memorization မဖြစ်လို့၊ ကြေးနီမရှိလို့မတူးတာဟာ ဒါဟာဆောင်ရွက်ချက်လို့မပြောနိုင်ပါဘူး။ ဒါချန်ထားခြင်းသာ ဖြစ်ပါတယ်။ တွက်ခြေမကိုက်လို့ချန်ထားခဲ့တာဖြစ်ပါတယ်။

နောက်တစ်ခုက ၈၈ ရာခိုင်နှုန်းပြီးပြီဆိုတဲ့ ကိစ္စတွေမှာလည်း လုပ်လို့ပြီးတယ်ဆိုတိုင်းလည်း တကယ်ပြီးလား၊ မပြီးလားဆိုတာ စိစစ်တဲ့အဖွဲ့ကလိုပါတယ်။ ကျွန်တော်တို့ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ လူတွေက ထောင်ဖို့ရာကို Summit မဖြစ်အောင် ပြန်လည်ပြီးတော့ အစားပေးမယ်လို့ပါပါတယ်။ ဒါပေမဲ့ အဲဒီကလူတွေကပြောတယ်။ ဒါက အစကတည်းက မြေလွတ်မြေရိုင်းတွေတဲ့။ ပလပ်မြေတွေ။ ဒီဥစ္စာက စိုက်လို့၊ ပျိုးလို့မရလို့ ဘယ်သူမှမယူလို့ချန်ထားတဲ့မြေတွေ။ ဒီမြေတွေကို ဒီအတိုင်းပဲ လက်ညှိုးထိုးပြီးတော့ ယူကြပါလို့ပေးတဲ့အခါကျတော့ ဘယ်သူမှမယူပြန်ပါဘူးတဲ့။ အဲဒီတော့ ဒါကို စိုက်ပျိုးမြေဧက ၁၉၀၀ ပေးပြီးပြီလို့ပြောလို့မရပါဘူး။ ဒါက လေပေး၊ လေယူလိုဖြစ်နေပါတယ်။ နောက်တစ်ချက်က ဒီဟာ စက်မှုဇုန်မဟုတ်တဲ့အတွက် EIA, SIA ဘာညာ၊ ဘာပဲပြောပြော ဒီဥစ္စာက။

**ဥက္ကဋ္ဌ။** ။ နောက်တစ်ချက်ကတော့ နိဂုံးချုပ်ပါ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ခုနကကိုယ်စားလှယ်တော်ကြီးရဲ့ ကော်မရှင်အစီရင်ခံစာ အပိုဒ် ၈၂ (က)(၁၅)ပါကို ကျွန်တော်ဆက်ပြီးတော့ ဖြည့်စွက်ပြောပါမယ်။ အဲဒီမယ် Open Semi-pit

နည်းကိုသုံးရန်သင့်ပါကြောင်းဆိုပြီးတော့ ပြောတာမှန်ပါတယ်။ သို့သော်လည်းပဲ အဲဒီဟာကို အမှန်/အမှားကို သိအောင်ဆိုပြီးတော့ ခုနကကျွန်တော်တင်ပြခဲ့တဲ့ ကိုယ်စားလှယ်အဖွဲ့များကို ဩစတေးလျ နိုင်ငံကိုသွားပြီးတော့မှ ကျွန်တော်တို့လေ့လာပြီးတဲ့အခါကျမှ ဒီဟာထက်ကို Open Semi-pit မှသာလျှင်ဖြစ်ပါကြောင်းကို သူတို့အတည်ပြုပြီးတော့ ဆက်လက်ဆောင်ရွက်နေကြောင်းဖြစ်ပါတယ်။ အဲဒီရဲ့ အပိုဒ် ၈၂ (က)(၁၅)ရဲ့အဆက်က ဆက်ရှိပါသေးတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီး ပြောသလို သတ္တုတွင်းတူးဖော်သင့်ကြောင်း Semi Open-pit နည်းလမ်းကိုသုံး၍ သတ္တုတူးဖော်သင့်ပါကြောင်း၊ ပြီးတော့ အဆက်ကတစ်နည်းအားဖြင့် လက်ပံတောင်းတောင်ကြေးနီမထွက်သော အနားစပ်ရှိ အချို့အစိတ်အပိုင်းများ(Periphery)ကို ချန်လှပ်၍ ကြေးနီတူးဖော်သည့်လုပ်ငန်းကိုသာ ဆောင်ရွက်သင့်ကြောင်းဆိုပြီးတော့ အကြံပြုချက်အတိုင်းပါပဲ။ ဒီတောင်သုံးလုံးကို ချန်ရခြင်းက ဒီမှာလည်းပဲ ကြေးနီရှိပါတယ်။ ခုနက ကျွန်တော်တင်ပြသလိုပါပဲ။ ကြေးနီရဲ့ပါဝင်မှုက 0.3 Percent ပဲ ရှိပါတယ်။ အဲဒီတော့ 0.3 Percent ပါရှိတဲ့ကြေးနီက နေရာအပုံ့အနှံ့မှာရှိနေတဲ့အတွက်ကြောင့်မိုလို့ အဲဒီတောင်သုံးလုံးကို အကယ်၍တူးမယ်ဆိုရင်လည်း ကြေးနီကရပါတယ်။ သို့သော်လည်းပဲ ဒီဟာကို တူးလိုက်မယ်ဆိုလို့ရှိရင် ရတာထက်ဖျက်ဆီးတာကပိုများမှာစိုးလို့ ချန်ထားပြီးတော့ သဘာဝအတိုင်း ထားရခြင်းဖြစ်ပါတယ်။ ခုနက မြေနဲ့ပတ်သက်လို့ကတော့ ကျွန်တော်ခုနကတင်ပြခဲ့တဲ့ ဧကအတိုင်းက လွဲပြီးတော့ ထပ်မံတိုးချဲ့ခြင်းလုံးဝမရှိပါဘူး။ ခုနက တချို့ဒီမှာ ကျန်တာကတော့ တချို့မြေကို အလျော်ပေးတဲ့နေရာမှာ ဘယ်လိုမှမဆီလျော်တဲ့ နှုန်းထားတွေနဲ့ တောင်းခံတဲ့ဟာတွေကတော့ လုံးဝကို သူတို့မပေးနိုင်လို့ချန်ထားခြင်း ဖြစ်ပါတယ်။ အသင့်တင့်သော ညှိနှိုင်းမှုတတဲ့ဈေးနှုန်းနဲ့ရတဲ့မြေများကိုတော့ အမြဲမပြတ်အလျော်ပေးတဲ့အကြောင်းကို သိရပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီမှာ ခုနကတင်ပြတဲ့အထဲမှာလည်းပါပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒီ EIA, SIA ဟာများကလည်းပဲ ပညာရှင်များနဲ့ သေချာစေ့စေ့စပ်စပ်လေ့လာပြီးမှ သာလျှင် ဒါကတော့ တူးရမယ့်နေရာ၊ ဒါက စိုက်ရမယ့်နေရာ၊ ပျိုးရမယ့်နေရာ၊ ကြေးနီတွေပုံရမယ့်နေရာ။ ပုံတဲ့နေရာမှာလည်းပဲ ဒီမှာရှိတဲ့ အက်ဆစ်တွေကို မထွက်အောင် သူတို့ Zero Discharge လို့ခေါ်တဲ့ လုံးဝကြေးနီကနေ စစ်ထုတ်လိုက်တဲ့ အက်ဆစ်ရည်တွေဟာ အပြင်ကို လုံးဝမထွက်ဘဲနဲ့ မူလရှိတဲ့နေရာမှာပဲ ပြန်လည်ပြီးတော့ Zero Discharge နည်းနဲ့ ဆောင်ရွက်နေတာကို ကျွန်တော်သွားရောက်လေ့လာစဉ်က တွေ့ရှိရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥတ္တရသီရိမြို့နယ်အတွင်း ဒေသခံပြည်သူများ အမှန်တကယ် နေထိုင်လုပ်ကိုင်စားသောက်နေသော ကျေးရွာများ၊ လယ်မြေများနှင့် ယာမြေများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဥတ္တရသီရိမြို့နယ်အတွင်း သစ်တောမြေအဖြစ်သတ်မှတ်ခံနေရသော ကျေးရွာများ၊ လယ်များနှင့်ယာများ သစ်တောမြေအဖြစ်မှပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥတ္တရသီရိမြို့နယ်ဟာ ရပ်ကွက်နှစ်ခု၊ ကျေးရွာအုပ်စုရှစ်ခုဖြင့် လူဦးရေ ၅၈၀၀၀ ကျော်နေထိုင်တဲ့ နေပြည်တော်အတွင်းမှာရှိတဲ့မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ ရပ်ကွက်နှစ်ခုအတွင်းမှာနေထိုင်တဲ့လူဦးရေကတော့ ၉၀၀၀ ကျော်သာနေထိုင်တာဖြစ်ပြီး တော့မှ အများစုနေထိုင်တဲ့ လူဦးရေ ၄၉၀၀၀ ကျော်က ကျေးရွာများမှာနေထိုင်ကြတာဖြစ်ပါတယ်။ အများစုကလည်း တောင်သူလယ်သမားများဖြစ်ကြပါတယ်။ နှစ်ပေါင်းများစွာနေထိုင်လာကြတဲ့ ဒေသခံတွေလည်းဖြစ်ပါတယ်။ ပဲခူးရိုးမအစပ်နဲ့အလွန်နီးကပ်တဲ့ ကျေးရွာတွေဖြစ်တဲ့အလျောက် လုပ်ကိုင်စားသောက်ကြတဲ့ လယ်မြေ၊ ယာမြေနှင့်ဥယျာဉ်ခြံမြေတွေဟာ ယနေ့အထိ သစ်တောမြေအဖြစ် သတ်မှတ်ခံနေရသောမြေများဖြစ်ပါတယ်။ တောင်သူအများစုတွေဖြစ်တဲ့ ကျေးရွာနေပြည်သူလူထုက လယ်မြေများကို ဓားမဦးချလုပ်ကိုင်စားသောက်ခဲ့ပြီး အခွန်အခတွေကို အများနည်းတူပေးဆောင်ခဲ့ဖူးသူများဖြစ်ပါတယ်။ ဒီနေ့အချိန်အထိ နေပြည်တော်တည်ဆောက်ရေးမှာ လိုအပ်တဲ့နေရာများကိုသာ ကြိုးလှန်ပေးသွားပြီးတော့မှ ပြည်သူတွေရဲ့လယ်ယာမြေတွေကိုတော့ ကြိုးပြင်အဖြစ် ပလပ်ပေးဖို့ဆောင်ရွက်ပေးခဲ့ခြင်း မရှိသေးပါဘူး။ ကျေးရွာတွေကိုသွားပြီးတော့မှ ပြည်သူလူထုနဲ့တွေ့ဆုံတဲ့အခါတိုင်း အဓိကကတော့ လယ်မြေတွေကို ကြိုးဝိုင်းအဖြစ်မှပယ်ဖျက်ပေးရေးနှင့် ပုံစံ(၇)ရရှိရေးတွေကို အဓိကတောင်းဆိုကြတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ ဥတ္တရသီရိမြို့နယ်မြေပုံဖြစ်ပါတယ်ခင်ဗျား။ ဒီပုံနှစ်ပုံကတော့ ဥတ္တရသီရိမြို့နယ်ရဲ့ သစ်တောမြေတွေ နယ်နိမိတ်ပြထားတဲ့ပုံ ဖြစ်ပါတယ်။ တစ်မြို့နယ်လုံးနီးပါးက သစ်တောမြေနယ်နိမိတ်ဖြစ်နေပါတယ်။ အောက်ပိုင်းမှာရှိတဲ့ ဥတ္တရသီရိရပ်ကွက်၊ ဝန်ကြီးရုံးတွေအပါအဝင် ရွှေနံ့သာရပ်ကွက်ကလွဲလို့ ကျန်တဲ့နေရာအားလုံးက သစ်တောမြေတွေဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒေသခံလူထုနဲ့တွေ့တဲ့အချိန်မှာလည်းပဲ သစ်တောအတွင်းကနေပြီးတော့မှ ပယ်ဖျက်ပေးဖို့ ပုံစံ(၇)ရရှိဖို့ကို အကြိမ်ကြိမ်တောင်းဆိုကြပါတယ်။ ကြိုးဝိုင်းအနေနဲ့ကတော့ တောင်ညိုကြိုးဝိုင်း၊ လေးကြိုးဝိုင်းနှင့် ငလိုက်ကြိုးဝိုင်းဆိုပြီးတော့မှ ကြိုးဝိုင်းသုံးခုအတွင်းမှာ ကျွန်တော်တို့ ဒါကိုလေ့လာတဲ့အချိန်မှာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ၅ လပိုင်းလောက်က ခရိုင်သစ်တောတာဝန်ရှိတဲ့သူနဲ့သွားတွေ့တဲ့အချိန်မှာ ငလိုက်ကြိုးဝိုင်းထဲက ၁၁ ရွာကို ကြိုးလွှန်ပေးနိုင်ဖို့တင်ပြထားပါတယ်လို့ ပြောပါတယ်။ အဲဒါနဲ့ ကျွန်တော် စာရင်းတွေကိုလိုက်တောင်းတဲ့အချိန်မှာ ရွာ ၁၁ ရွာနှင့်အတူပါတဲ့ လယ်မြေမှာကျတော့ အလွန်နည်းပါးနေတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီဟာကို နေပြည်တော်ကောင်စီကနေပြီးတော့ မေးမြန်းတဲ့အခါမှာလည်းပဲ သစ်တောဌာနကနေ ပြန်ဖြေပေးတဲ့စာရင်းအရဆိုရင် မိုးစွေအုပ်စုခုနစ်ရွာ၊ သရက်တောအုပ်စုတစ်ရွာနှင့် မင်းကုန်းအုပ်စုသုံးရွာဆိုပြီး ရွာ ၁၁ ရွာနှင့်ဆက်စပ်လယ်မြေဧက ၆၀၀ ကျော် ကြိုးလွှန်မယ်ဆိုတာတော့ သိရပါတယ်ခင်ဗျား။ ဒါပေမဲ့ မြို့နယ်အတွင်းမှာရှိနေတဲ့ ၁၁ ရွာကြိုးလွှန်တော့ ၃၈ ရွာရဲ့ ပြည်ထဲရေးအမည်ပေါက်တဲ့ ရွာငါးရွာမှာရှိတဲ့လယ်တွေက တော်တော်များများက သစ်တောထဲမှာပဲရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်အတွက် ဆန်ဖူလုံရေး စိုက်ပျိုးဧရိယာစာရင်း မြို့နယ်အချက်အလက်တွေကို လေ့လာကြည့်တဲ့အချိန်မှာ လယ်စိုက်ပျိုးဧရိယာက ၁၁၁၇၈ ဧကရှိကြောင်းတွေ့ရပါတယ်။ ဒါကို ကွင်းသားမြေ၊ လယ်မြေအဖြစ်ရှိနေတာက စာရင်းအရဆိုရင် ၆၄၂၈ ပဲ ရှိပါတယ်။ အဲဒီတော့ ကျန်တဲ့လယ်မြေတွေအားလုံးက သစ်တောမြေအဖြစ်ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒေသခံပြည်သူလူထုကလည်းပဲ သစ်တောနဲ့ပတ်သက်လို့ ကြိုးလွှန်ပေးဖို့ကိုပဲ အကြိမ်ကြိမ်တောင်းဆိုကြတာပါခင်ဗျား။ ဒါတွေကတော့ မြို့နဲ့နီးစပ်တဲ့ရွာတွေအထိ၊ ကျေးရွာတွေအထိ သစ်တောမြေတွေရှိနေတာကို ပြထားတာပါဗျ။ သစ်တောနယ်နိမိတ်အဖြစ် ဖြစ်နေတာပါ။ အမှန်ကတော့ လယ်မြေတွေပါပဲ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ သစ်တောမြေအဖြစ် သတ်မှတ်ခံနေရပြီး ဒေသခံပြည်သူများ အမှန်ကတယ်လုပ်ကိုင်စားသောက်နေသော ကျေးရွာများ၊ လယ်မြေများ၊

ယာမြေများကို တိကျမှန်ကန်စွာကွင်းဆင်းစစ်ဆေးပြီး သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည်၊ မရှိပါက မည်သည့်အတွက်ကြောင့်မရှိသည်ကို သိရှိလိုသည့်အတွက် မဲဆန္ဒရှင်ပြည်သူများရဲ့ဆန္ဒအရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်ရဲ့ ဥတ္တရသီရိမြို့နယ်အတွင်း သစ်တောမြေအဖြစ် သတ်မှတ်ခံနေရပြီး ဒေသခံပြည်သူများ အမှန်တကယ်နေထိုင်လုပ်ကိုင်စားသောက်နေသော ကျေးရွာများ၊ လယ်မြေများနှင့်ယာမြေများကို တိကျစွာကွင်းဆင်းစစ်ဆေးပြီး သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပြီး မရှိပါက မည်သည့်အတွက်ကြောင့်မရှိသည်ကို သိလိုခြင်းနှင့်ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကို နေပြည်တော်ကောင်စီနှင့်ပေါင်းစပ်ပြီးတော့ ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။

ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများ၊ လယ်မြေ၊ ယာမြေများဟာ ၁၈၉၁ ခုနှစ် လွန်ခဲ့တဲ့ယခင်နှစ်ပေါင်းများစွာကတည်းက ဖွဲ့စည်းထားတဲ့ သစ်တောကြိုးဝိုင်းမြေများဖြစ်ပါတယ်။ ပလေးကြိုးဝိုင်း၊ ငလိုက်ကြိုးဝိုင်း၊ တောင်ညိုကြိုးဝိုင်းအစရှိသောအားဖြင့် ကြိုးဝိုင်းနယ်မြေများဖြစ်ပါတယ်။ ဒေသခံများလုပ်ကိုင်စားသောက်နေတဲ့မြေများဟာ သစ်တောမြေအဖြစ် သတ်မှတ်ခံရခြင်းမဟုတ်ဘဲနဲ့ သစ်တောမြေအတွင်း ၎င်းတို့မှ ကျူးကျော်အခြေချနေထိုင်လုပ်ကိုင်ခြင်းသာဖြစ်ကြောင်း ဦးစွာပဏာမ ကျွန်တော် ဖြေကြားလိုပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ၁၁-၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၃(၁)/၇ သမ္မတရုံးရဲ့ လမ်းညွှန်ညွှန်ကြားချက်နှင့်အညီ သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများနှင့် သစ်တောနယ်မြေ

အတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိကို တရားမဝင်ကျူးကျော်အခြေချနေထိုင်တဲ့ ရွာစုနှင့် အိမ်ထောင်စုများကို သစ်တောမြေအဖြစ်မှပယ်ဖျက်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များရဲ့ကြီးကြပ်မှုကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ၂၀-၂-၂၀၁၃ ရက်နေ့ကနေပြီးတော့ ၂၅-၃-၂၀၁၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါတယ်။ ပယ်ဖျက်ပေးတဲ့လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကျွန်တော် Power Point နဲ့တင်ပြခွင့်ပြုပါခင်ဗျား။

တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းအားလုံးမှာ စာရင်းကောက်ယူခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်နိုင်ခဲ့သော်လည်းပဲ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ တည်ဆောက်ရေးလုပ်ငန်းများ၌အလုပ်လုပ်ကိုင်နေသော အခြားဒေသများမှလုပ်သားများဟာ သစ်တောကြိုးဝိုင်းအတွင်း ယာယီအစီအစဉ်ဖြင့် ဝင်ရောက်နေထိုင်ရာကနေပြီးတော့ လုပ်ငန်းပြီးစီးတဲ့နောက် မူလနေထိုင်ရာဒေသများကို ပြန်လည်သွားခြင်းမရှိဘဲနဲ့ အခြေချနေထိုင်ခြင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်စည်ကားလာပြီးတော့ မြေတန်ဖိုးမြင့်တက်လာတဲ့အခြေအနေအရ ကြိုးဝိုင်းများအတွင်းနေအိမ်များ တရားမဝင်တိုးချဲ့တည်ဆောက်ခြင်းစတဲ့ ထပ်မံကျူးကျော်တဲ့ပြဿနာများ ဖြစ်ပေါ်လာပါတယ်။ အဲဒီအခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးတော့ ၁၃-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့နေပြည်တော်ကောင်စီရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၃)ဆုံးဖြတ်ချက် အပိုဒ် ၂၅ အရ စာရင်းကောက်ယူမှုများကို ရပ်ဆိုင်းသွားရန်နှင့် ကျူးကျော်နေထိုင်မှု(၁၀)နှစ်နှင့်အထက်သက်တမ်းရှိသူများကိုသာ ထည့်သွင်းစဉ်းစားမည်ဖြစ်၍ ထပ်မံကျူးကျော်သူများအား ဖျက်သိမ်းခြင်းမရှိပါက ဥပဒေနှင့်အညီတရားစွဲဆိုသွားရန်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းကြောင့် နေပြည်တော်ကောင်စီ၊ မြို့နယ်ရှစ်မြို့နယ်မှာရှိတဲ့ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်ရွာစုနှင့်အိမ်ထောင်စုများကို စာရင်းကောက်ယူခြင်းလုပ်ငန်းကို ခေတ္တရပ်ဆိုင်းခဲ့ရပါတယ်။ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်မှာရှိတဲ့ ကျူးကျော်ဝင်ရောက်အခြေချစာရင်းများကိုလည်းပဲပယ်ဖျက်ပေးပြီးတော့ ရပ်ဆိုင်းခဲ့ပါတယ်။ လက်ရှိအစိုးရသစ်လက်ထက်မှာ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ သစ်တောနယ်မြေအတွင်း နှစ်ကာလကြာရှည်စွာ ကျူးကျော်နေထိုင်အခြေချနေတဲ့လူများအတွက် ၂၀၁၃ ခုနှစ် စာရင်းကောက်ယူခဲ့တဲ့ ပြည်ထဲရေးအမည်ပေါက်အိမ်ခြေ ၅၀ နှင့်အထက်ကျေးရွာရဲ့ ရွာမြေ၊ လယ်မြေနှင့် သာသနာ/အများပိုင်မြေများကို ပယ်ဖျက်ပေးရန်နေပြည်တော်ကောင်စီရဲ့ ၁၆-၆-၂၀၁၆ ရက်နေ့မှာကျင်းပတဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆)

ဆုံးဖြတ်ချက် အပိုဒ် ၁၁ အရ ဥတ္တရသီရိမြို့နယ်မှာရှိတဲ့ ကျေးရွာ ၁၂ ရွာအပါအဝင် နေပြည်တော်ကောင်စီနယ်မြေ သစ်တောနယ်မြေအတွင်းမှာ ပြည်ထဲရေးအမည်ပေါက် ၄၉ ရွာ ပယ်ဖျက်ခွင့်ရရှိရေးကို ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ်။

ယာမြေများအတွက် သစ်တောမြေမှပယ်ဖျက်ခြင်းမပြုဘဲနဲ့ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်ပြုခြင်း၊ ဥယျာဉ်ခြံမြေများအတွင်း၌ နှစ်ရှည်ငှားရမ်းစနစ်ဖြင့် ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကိုလည်းပဲ ဆက်လက်လုပ်ကိုင်ခွင့်ကို ကျွန်တော်တို့ ပေးမှာဖြစ်ပါတယ်။ နေပြည်တော်ကောင်စီအတွင်းမှာရှိတဲ့ အိမ်ခြေ ၅၀ နှင့်အထက်ကောက်ယူတဲ့စာရင်းကို ကျွန်တော် Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ Power Point မှာပါရှိတဲ့အတိုင်းပါပဲ။ အားလုံး စုစုပေါင်း ဧကအားဖြင့် ၁၆၂၄၈.၄၄ ဧကပါဝင်ပါတယ်။ အဲဒီအထဲမှာမှ ခုနက ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဥတ္တရသီရိမြို့နယ်ကို ကျွန်တော်တို့ ပြန်လည်ပြီးတော့ စာရင်းကောက်တဲ့အခါမှာ Power Point မှာတင်ပြတဲ့အတိုင်းပါပဲ။ အားလုံး ကျေးရွာရယ်၊ အိမ်ခြေရယ်၊ ရွာမြေရယ်၊ လယ်မြေရယ်၊ ယာမြေရယ်၊ ဥယျာဉ်ခြံမြေရယ်၊ သာသနာ/အများပိုင်မြေရယ် စုစုပေါင်း ၂၄၉၇.၂၃၈ ဧက ပါဝင်ကြောင်းကိုတွေ့ရှိရပါတယ်။

အထက်ဖော်ပြပါ ဥတ္တရသီရိမြို့နယ်အတွင်းမှာရှိတဲ့ စာရင်းများအနက် ကျေးရွာပေါင်း ၁၂ ရွာရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာပိုင်/အများပိုင်မြေ ၈၇၅.၉၃၁ ဧကအပါအဝင် နေပြည်တော်ကောင်စီနယ်မြေ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော သစ်တောနယ်မြေများအတွင်း နှစ်ကာလအတန်ကြာ ကျူးကျော်အခြေချနေထိုင်တဲ့ အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက်ကျေးရွာ ၄၉ ရွာရဲ့ ရွာမြေ၊ လယ်မြေနှင့် သာသနာ/အများပိုင်မြေ ၆၈၃၈.၄၈၃ ဧကကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခွင့်ရရှိရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၆)က နေပြီးတော့ ၁၀-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ပထရ/ကော်မတီ(၂၅၁)/ဦး ၁ နဲ့အကြောင်းကြားချက်အရ ဆက်လက်ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးရုံးမှ ၂၀-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ်၊ (သစ်တော)၃/၀၆(ခ)/၃(၁၉၈၇/၂၀၁၆)နဲ့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ ညွှန်ကြားခဲ့ရာ အဆိုပါမြေ ၆၈၃၈.၄၈၃ ဧကကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်

ပေးရန်အတွက် နေပြည်တော်၊ သစ်တောဦးစီးဌာနမှ ကြိုးဝိုင်းပယ်ဖျက်အမိန့်ကြော်ငြာစာ မူကြမ်းများကို ကျွန်တော်ပြုစုတင်ပြလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ နေပြည်တော်ကောင်စီ သစ်တောနယ်မြေအတွင်းမှာရှိတဲ့ ပယ်ဖျက်ပေးမည့်ဧရိယာ ၆၈၃၈.၄၈၃ ဧကအနက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဥတ္တရသီရိမြို့နယ် သစ်တောနယ်မြေအတွင်းမှ အမှန်ပယ်ဖျက်နိုင်ရန် ထပ်မံစိစစ်ချက်အရ ရွာမြေ၊ လယ်မြေ၊ သာသနာပိုင်/အများပိုင်မြေ ၈၀၇.၇၃၆ ဧကကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကြိုးဝိုင်းတောအတွင်းမှ ပယ်ဖျက်ပေးရန် အမိန့်ကြော်ငြာစာမူကြမ်းကို စိစစ်ပြီးပါက သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးမှာဖြစ်ပါတယ်။ ထို့အပြင် ဥတ္တရသီရိမြို့နယ်အတွင်းမှာကျန်ရှိတဲ့ ယာမြေ ၁၅၇၀.၃၆၇ ဧကကိုတော့ သီးနှံသစ်တောရောနှောစိုက်ပျိုးနည်းစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခွင့်ပြုမည်ဖြစ်ပါကြောင်းနှင့် ဥယျာဉ်ခြံမြေ ၅၀.၉၄ ဧကကိုတော့ နှစ်ရှည်မြေငှားရမ်းစနစ်နဲ့ ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ ကျွန်တော်တို့ ၁၈၉၁ ခုနှစ်ကတည်းက သစ်တောကြိုးဝိုင်းသတ်မှတ်ထားတာတော့ မှန်ပါတယ်ခင်ဗျ။ တကယ်တမ်းပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ဝန်ကြီးရဲ့ရုံးတောင် ကျွန်တော်တို့မဲဆန္ဒနယ်ထဲမှာရှိပါတယ်။ ၂၀၀၆-၂၀၀၇ ခုနှစ်လောက်မှ ရောက်လာတာပါ။ ကျွန်တော်တို့ နေပြည်တော်ကောင်စီရဲ့ အစည်းအဝေးဆုံးဖြတ်ချက်(၁၁/၂၀၁၃)အပိုဒ် ၂၅ အရ ရပ်ဆိုင်းလိုက်တယ်ဆိုတာလည်း ကျွန်တော်တို့သိပါတယ်ခင်ဗျ။ အဲဒီတော့ ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ တောင်သူလယ်သမားအများစုသည် ဒါ ဆောက်လုပ်ရေးတောင်ရောက်လာတာမဟုတ်ဘဲနဲ့ ဒေသခံပြည်သူစစ်စစ်များသာဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းထားတဲ့မေးခွန်းမှာလည်း တစ်မြို့နယ်လုံးအနေနဲ့ မေးထားတာပါခင်ဗျ။ နေပြည်တော်ကောင်စီကိုလည်း ကျွန်တော်မေးဖူးပါတယ်။ မေးဖူးတဲ့အချိန်မှာ ကျေးရွာ ၁၂ ရွာနဲ့ ဆက်စပ်လယ်မြေ၊ ယာမြေ၊ ဥယာဉ်ခြံမြေ၊ သာသနာမြေ ဒီအချက်ပဲ ပြန်လည်ဖြေကြားထားတာတွေ့ရပါတယ်။ တကယ်တော့ ကျွန်တော်တို့ ရွာတိုင်းနီးပါးမှာ သစ်တောအတွင်းမှာလုပ်ကိုင်စားသောက်နေတဲ့ လယ်ယာမြေတွေရှိပါတယ်။ အခုလက်ရှိမှာ ကျွန်တော်တို့မြို့နယ်

**မူကြမ်း**

အတွင်းမှာ လယ်စိုက်ပျိုးဧရိယာ ၁၁၁၇၈ ဧကရှိတယ်လို့ပြထားပါတယ်။ ခုနကျွန်တော်ပြောပြီးသွားပြီ။ တကယ်တမ်းအမှန်တကယ် ကွင်းသားလယ်မြေက ၆၂၄၈ ဧကပဲရှိပါတယ်။ ကျန်တာအားလုံးက ဒီ သစ်တောအတွင်းမှာ စိုက်ပျိုးနေကြတာပါ။ ဒီ ရွာအများစုကလည်းပဲ သစ်တောနဲ့ထိစပ်နေတဲ့အတွက် သစ်တောနယ်နိမိတ်က ရွာဘေးတွေထိရောက်နေပါတယ်။ တချို့ရွာတွေဆိုရင် ရွာတစ်ခြမ်းလောက်ကို သစ်တောနယ်နိမိတ်အဖြစ် ဒီနေ့အထိ သတ်မှတ်ထားတာရှိပါတယ်။ ဒါနှစ်ပေါင်းမြောက်မြားစွာက တည်းက ရှိလာခဲ့တာပါ။ နှစ်စဉ် ဒီသစ်တောဌာနရဲ့ တင်ပြမှု ကျွန်တော်တို့အောက်ခြေအဆင့်က နေပြီးတော့မှ တစ်ဆင့်တစ်ဆင့် ဝန်ကြီးဌာနအထိ တင်ပြမှုမှာ လိုအပ်ချက်ရှိသွားတယ်လို့ ကျွန်တော် မြင်ပါတယ်။ ဒါကိုလည်း ဝန်ကြီးကို တင်ပြတာပါ။ အဲဒီမှာ ဘာတွေ့ရလဲဆိုတော့ ကျွန်တော်တို့ မေးနေတဲ့ဟာကို နေပြည်တော်ကောင်စီကိုမေးတဲ့အချိန်မှာလည်း ဒီဟာပဲဖြေပါတယ်။ ကျွန်တော် မေးတဲ့အချက်တွေကို ကျန်တဲ့ရွာတွေရဲ့ လုပ်ကိုင်စားသောက်နေတဲ့ ဒီသစ်တောနယ်နိမိတ်အတွင်းမှာ ရှိနေတဲ့ လယ်မြေတွေ အများစု၊ နောက် ယာမြေတွေကို သစ်တောသီးနှံရောနှောစိုက်ခင်းတွေ၊ (CF) တွေနဲ့ နှစ် ၃၀ ဂရမ်ထုတ်ပေးမယ်ဆိုတာကိုလည်း ကျွန်တော်တို့ကြားပါတယ်ခင်ဗျ။ အဲဒီအတွက် လိုက်လံစုံစမ်းတဲ့အချိန်မှာလည်း ဒီနေ့အထိ ဆောင်ရွက်ခြင်းလည်း မရှိသေးပါဘူး။ အဲဒီတော့ ကျွန်တော်ဆက်စပ်မေးချင်တဲ့မေးခွန်းကတော့ ဒီ လက်ရှိရှိနေတဲ့ ကျန်တဲ့ကျေးရွာတွေကို အမှန်တကယ် လုပ်ကိုင်စားသောက်နေတဲ့ လယ်ယာမြေတွေကို ကွင်းဆင်းစစ်ဆေးပြီးတော့မှ တိကျမှန်ကန်စွာ စာရင်းကောက်ယူဖို့ အစီအစဉ်ရှိ/မရှိ ကျွန်တော်သိလိုပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ဒီမေးခွန်းကတော့ နေပြည်တော်ကောင်စီနဲ့ ကျွန်တော်ဆက်စပ်ပြီးဖြေရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စာရင်းကောက်ယူတဲ့နေရာမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပါပါတယ်။ သစ်တော ဦးစီးဌာနပါပါတယ်။ မြေစာရင်းဌာနပါပါတယ်။ စိုက်ပျိုးရေးဌာနပါပါတယ်။ အဲဒီဌာနလေးခု ညှိနှိုင်း ပြီးတော့ ကျွန်တော်အခုနက ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ကျန်ရှိတဲ့ လယ်ယာမြေတွေကို ကျွန်တော်တို့ စာရင်းကောက်ယူပါမယ်။ သို့သော် ပို၍တိကျအောင် ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ် ကြီးကျွန်တော့်ကို အဲဒီကျေးရွာတွေရဲ့ နာမည်အတိအကျပြောလို့ရှိရင် ကျွန်တော်ကျေးရွာတွေရဲ့ နာမည် အတိအကျနဲ့ဆိုလို့ရှိရင် ဟိုမှာစာရင်းကောက်ယူရတာ ပိုပြီးတော့လွယ်ပါတယ်။ ကျွန်တော့်ကို

ဒီအစည်းအဝေးပြီးတဲ့အခါမှာ ကျွန်တော်ကို စာရင်းလေးအတိအကျပေးလို့ရှိရင် ကျွန်တော်ပိုမို လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန်နဲ့ ကျွန်တော်ဆောင်ရွက်ပေးနိုင်ပါကြောင်း ကျွန်တော်ပြန်လည် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့် တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းသည့်အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်မိကွန်ချမ်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်မနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မတင်သွင်းမယ့်အဆိုကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်မှာသွားလာရေးလွယ်ကူရန်အတွက် သန်လွင်မြစ်ပေါ်မှာထိုးထား တဲ့တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့အမည်နာမဖြင့် ဂုဏ်ပြု သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မက ဗိုလ်ချုပ်အောင်ဆန်းတံတားအမည်ပေးရန် ဘာကြောင့်တိုက်တွန်းရသလဲ ဆိုရင် နောင်လာနောက်သားတွေအတွက် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်အတွက်လွတ်လပ်ရေး ရအောင်၊ အောင်ဆန်းအက်တလီစာချုပ်ကြီးပေါ်ပေါက်လာအောင် ကြိုးစားခဲ့ပြီး တိုင်းရင်းသား သွေးစည်းညီညွတ်ရေးအတွက် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့တဲ့လူထုခေါင်းဆောင်၊ တိုင်းရင်းသားအားလုံးတို့ရဲ့ခေါင်းဆောင်၊ တပ်မတော်ရဲ့ဖခင်ကြီးလည်းဖြစ်ခဲ့တာကို အမှတ်ရစေလိုတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ သူရဲကောင်းတို့ရဲ့အမည်များနှင့် မှည့်ခေါ်ဆောက်လုပ်

ထားတဲ့တံတားများစွာရှိပါတယ်။ ထိုအထဲမှာ ဗိုလ်ချုပ်အောင်ဆန်းအမည်နဲ့တံတားတစ်စင်းမှ မရှိခဲ့ပါဘူး။ အာဏာရှင်စနစ်ခေတ်မှာဆိုရင် အမည်ပေးဖို့ တောင်းဆိုဖို့မပြောပါနဲ့ အမည်ကိုတောင် မကြားရသလောက်ပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့လက်ပါးစေတွေကို ရှုပ်ရှုပ်ချွံချွံတိုက်ထုတ်ရုံသာမကဘဲ။ တိုင်းရင်းသားအားလုံးပေါင်းစည်းပြီး ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထားတတ်အောင် လမ်းပြပေးခဲ့ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုဒီမိုကရေစီနစ်ကိုလည်း ကျင့်သုံးရန် စတင်ပြီးတော့ လမ်းပြပေးခဲ့တဲ့ တိုင်းရင်းသားအားလုံး၏ခေါင်းဆောင်လည်း ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီးဖြစ်သလို လွတ်လပ်ရေးဗိသုကာကြီးလည်း ဖြစ်ခဲ့တဲ့အတွက် ၎င်း၏အမည်ကို ပြည်ထောင်စုနိုင်ငံတော်က ပိုင်ဆိုင်ပါတယ်။ နိုင်ငံတော်က ပိုင်ဆိုင်တဲ့အတွက် မည်သည့်လူမျိုးကိုမှ ကိုယ်စားပြုခြင်းမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းအမည်ကို တိုင်းရင်းသားများစုပေါင်းနေထိုင်သည့် မည်သည့်တိုင်းဒေသကြီးနှင့်ပြည်နယ်များမဆို အမှတ်တရ၊ အထိမ်းအမှတ်ဂုဏ်ပြုထားလို့ရပါတယ်။ ဒီအချိန်မှာ ကျွန်မတို့ရဲ့ မွန်ပြည်နယ်အတွက် မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့ကိုချိတ်ဆက်ပြီး သံလွင်မြစ်ပေါ်မှာထိုးထားတဲ့ တံတားအသစ်တစ်စင်းရဲ့အမည်ကို ဗိုလ်ချုပ်အောင်ဆန်းအမည်ဖြင့် ဂုဏ်ပြုပေးဖို့အတွက် တောင်းဆိုရခြင်းဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ကျွန်မနည်းနည်းပြောရမယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ နတ်မောက်မြို့မှာမွေးဖွားခဲ့ပါတယ်။ ငယ်စဉ်ကပင် ရိုးသားဖြောင့်မတ်တယ်၊ သန့်ရှင်းတယ်၊ ဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်တယ်၊ မဟုတ်မမှန် မတရားတာကို လက်မခံဘူး၊ ရဲစွမ်းသတ္တိရှိခြင်းနဲ့လည်း ပြည့်စုံတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အများအကျိုး၊ တိုင်းပြည်အကျိုး၊ လူထုအကျိုးကိုကျေပွန်သည်သာမက နိုင်ငံရေးခေါင်းဆောင်၊ လူထုခေါင်းဆောင်၊ ပြည်ထောင်စုခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီးအဖြစ် ကာလအပိုင်းအခြားတိုတိုလေးအတွင်းမှာပင် အသက်ပေးပြီးတော့ တာဝန်ကျေခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ အသက်ငယ်ငယ် လူထုခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင်အဖြစ် စွမ်းဆောင်နိုင်သောသက်တူရွယ်တူ ခေါင်းဆောင်မျိုးသည် ကမ္ဘာ့သမိုင်းမှာ မပေါ်ပေါက်သလောက်ပဲဖြစ်ပါတယ်။ ထို့ကြောင့် ယနေ့လူငယ်များသည် ဗိုလ်ချုပ်အောင်ဆန်းကို စံနမူနာထားပြီးတော့ အနိုင်မခံ အရှုံးမပေးသောစိတ်ဓာတ်မျိုးနှင့် ဘဝကို ရင်ဆိုင်ကြရန် နိုင်ငံနှင့်လူမျိုးအတွက် ကျရာတာဝန်ကို ထမ်းဆောင်ကြရန်အတွက် စံနမူနာကောင်းရစေချင်ပါတယ်။ ယနေ့လူငယ်များအတွက် ဗိုလ်ချုပ်အောင်ဆန်းရဲ့အဆိုအမိန့်တစ်ရာထဲမှာ ယနေ့

တိုင်ကိုက်ညီနေတဲ့မိန့်ခွန်းများကို ဖော်ပြပေးစေချင်ပါတယ်။ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ မြန်မာ့နှစ်သစ်ကူးမိန့်ခွန်းမှာဆိုရင် တိုင်းပြည်နှင့်လူထုဟာ မိမိတို့ညီညွတ်ရေးကို မပျက်ပြားအောင် ဆောင်ရွက်ပြီး ဆက်လက်တောင့်ထားဖို့လိုပါတယ်။ တိုင်းပြည်လူထုဟာ တိုင်းရင်းသားအချင်းချင်း အမြဲညီညွတ်အောင် ကြိုးစားဖို့လည်းလိုပါတယ်။ တိုင်းရင်းသားလူထုဟာ ဒီလိုညီညွတ်မှုနဲ့ တိုင်းရင်းသားအချင်းချင်းညီညွတ်မှုကို လိုပါတယ်။ တိုင်းသူပြည်သားရဲ့အင်အားကို ကြီးမားအောင် ဆောင်ရွက်ဖို့လည်း လိုပါတယ်။ ဒါသည် တိုင်းရင်းသားတွေအတွက် အားအင်ရှိစေတဲ့ မိန့်ခွန်းမျိုး ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် မြို့တော်ခန်းမမှာပြောတဲ့မိန့်ခွန်းတွေကတော့ ယခု တိုင်းပြည်သည် မငြိမ်မသက်ဖြစ်နေတဲ့အတွက် ဆူဆူပူပူဖြစ်နေတဲ့ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိပါသလား။ အကျိုးမရှိဘူးလားဆိုတာ ခင်ဗျားတို့စဉ်းစားကြည့်ပါ။ ခင်ဗျားတို့အကျိုးရှိတယ်/ မရှိဘူးဆိုတာ ခင်ဗျားတို့ စဉ်းစားဖို့လိုတယ်။ ယခုခေတ်နဲ့ဖြစ်ပျက်နေတဲ့၊ ကိုက်ညီတဲ့မိန့်ခွန်းတစ်ခု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိပါတယ်။ မိမိသည် ဘယ်တိုင်းရင်းသားလူမျိုးဖြစ်တယ်ဆိုတာ မိမိရဲ့သမိုင်းကြောင်းကသာ အဆုံးအဖြတ်ပေးပါတယ်။ ထို့အတူပဲ ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားခေါင်းဆောင်ကြီးဖြစ်တယ်ဆိုတာကိုလည်း သမိုင်းကြောင်းက ဆုံးဖြတ်ပေးပြီးသားဖြစ်ပါတယ်။ ကျွန်မတို့တိုင်းရင်းသားလူမျိုးတွေမှာ မိမိတို့ရဲ့ တိုင်းရင်းသားလူမျိုးခေါင်းဆောင်တွေ အသီးသီးရှိပြီးသားဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ လူမျိုးခေါင်းဆောင်တွေရဲ့ အသိအမှတ်ပြုလေးစားရတဲ့ အမျိုးသားခေါင်းဆောင်ကြီးဖြစ်တယ်ဆိုတာ အားလုံးက လက်ခံထားပြီးဖြစ်ပါတယ်။ တိုင်းရင်းသားများအနေနဲ့ လူမျိုးခေါင်းဆောင်နဲ့ အမျိုးသား ခေါင်းဆောင် ခွဲခွဲခြားခြားသိထားဖို့လည်း လိုပါတယ်။ ကမ္ဘာ့နိုင်ငံတိုင်းမှာ သူတို့ရဲ့အမျိုးသား ခေါင်းဆောင်တွေ ရှိကြပါတယ်။ သူတို့ရဲ့အမျိုးသားခေါင်းဆောင်ကို သူတို့က အင်မတန်မှ အထွတ်အမြတ်ထားပါတယ်။ သူတို့ရဲ့လူငယ်တွေကိုမေးကြည့်ပါ။ သူတို့ရဲ့အမျိုးသားခေါင်းဆောင်ကို သူတို့က အားလုံးသိထားကြပါတယ်။ ကျွန်မတို့နိုင်ငံမှာတော့ အချို့သူများတွေက ဗိုလ်ချုပ်အောင်ဆန်း အမည်ပေးတဲ့အပေါ်မှာတောင် ခါးခါးသီးသီးငြင်းနေခြင်းသည် အမြင်ကျဉ်းကျဉ်းသာဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို မသမာသူတွေက လုပ်ကြံမှုကြောင့် တိုင်းပြည်အတွက် လူကတော့ ကျဆုံးပြီး သွားပြီးဖြစ်ပါတယ်။ ယခုအခါ တိုင်းရင်းသားညီအစ်ကိုမောင်နှမအနည်းစုကြောင့် ဗိုလ်ချုပ်

အောင်ဆန်းရဲ့အမည်ကို ထပ်မံပြီးတော့ လုပ်ကြံကြဦးမယ်ဆိုရင် ကမ္ဘာ့သမိုင်းအလယ်မှာ ကျွန်မတို့က ရှက်ဖွယ်အလီလီဖြစ်နေပါပြီ။ တိုင်းရင်းသားများအနေနဲ့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေနဲ့ ကျွန်မတင်သွင်းသည့်အဆိုသည် တိုင်းပြည်ကိုသစ္စာဖောက်ပြီး တိုင်းပြည်ကိုရောင်းစားခဲ့တဲ့သူ၊ တိုင်းပြည်ကိုဖြိုခွဲခဲ့တဲ့သူရဲ့အမည်ကို တောင်းဆိုနေတာမဟုတ်ပါဘူးရှင့်။ တိုင်းပြည်ကိုကောင်းမွန်အောင် ကြိုးစားခဲ့တဲ့ အမျိုးသားခေါင်းဆောင်ကြီးရဲ့အမည်ကို တောင်းဆိုတာဖြစ်ပါတယ်။ ဒါကြောင့် နောင်လာနောက်သားများ အမြဲတစေအမှတ်ရစေပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့အမည်ကို ကျွန်မတို့ရဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်ကို ချိတ်ဆက်သွားလာရန် သံလွင်မြစ်ပေါ်မှာထိုးထားတဲ့တံတားသစ်အား ဂုဏ်ပြုပြီးတော့ မှည့်ခေါ်ပေးပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိကွန်ချမ်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ပေါင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းတင်သွင်းသွားတဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့်တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ကလည်း ပြောသွားသလိုပါပဲ။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရဖို့အတွက် အောင်ဆန်းအက်တလီစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့လို့ဖြစ်ပါတယ်။ ဒီနေရာမှာလည်း အောင်ဆန်းအက်တလီစာချုပ်ကို လက်မှတ်ရေးထိုးတဲ့ဆီမှာ ကျွန်တော်တို့က

တစ်နိုင်ငံလုံး လုံးဝလွတ်လပ်ရေးရဖို့အတွက်ကို တောင်တန်းဒေသ၊ လူမျိုးစုခေါင်းဆောင်တွေရဲ့ သဘောတူညီမှုလိုအပ်ခဲ့ပါတယ်။ ဒီနေရာမှာ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တွေကသာ သဘောမတူပါဘူးဆိုရင် ကျွန်တော်တို့တစ်နိုင်ငံလုံး လွတ်လပ်မည့် လုံးဝလွတ်လပ်ရေးကို ရခဲ့မှာမဟုတ်ပါဘူး။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တွေနဲ့ တွေ့ဆုံပြီးဆွေးနွေးခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ကြိုးစားမှု၊ ရိုးသားမှု၊ အမြော်အမြင်ရှိမှုတွေကို ယုံကြည်လာတဲ့ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တွေနဲ့အတူ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီနေရာမှာ ပင်ကိုယ်သဘာဝအားဖြင့် လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ နေရာဒေသမတူညီဘဲ ကွဲပြားနေကြသော်လည်းပဲ မတူကွဲပြားမှုအပေါ်မှာ ခွဲခြားမနေကြဘဲ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး မတူကွဲပြားမှုကို အင်အားအဖြစ် အမြော်အမြင်ရှိရှိ အကောင်အထည်ဖော်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီစာချုပ်ကြောင့်ပဲ ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ကြီးအဖြစ်နဲ့ ကမ္ဘာကလည်း အသိအမှတ်ပြုခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီတံတားရဲ့အမည်ကို ဗိုလ်ချုပ်အောင်ဆန်းတံတားလို့ အမည်ပေးခြင်းအားဖြင့် ကျွန်တော်တို့ အမျိုးသားခေါင်းဆောင်ကြီးကို အသိအမှတ်ပြုရာရောက်ပါတယ်။

နောက်တစ်ချက်အနေနဲ့လည်း ကျွန်တော်တို့က အခုအမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီး၊ တပ်မတော်ရဲ့ဖခင်ကြီး စတဲ့ဂုဏ်ထူးဝိသေသတွေနဲ့ ခေါ်ဝေါ်သုံးစွဲနေတဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ လုပ်ကြံခံရတဲ့အချိန်ထိ သူ့ရဲ့အသက်ဟာ ၃၂ နှစ် ၅ လ ၆ ရက်ပဲရှိပါသေးတယ်။ လက်ရှိအခြေအနေနဲ့ပြောရရင် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ထဲမှာတောင် လက်ချိုးရေလို့ရတဲ့ ပမာဏပဲရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လုပ်ကြံခံရတဲ့အစိုးရအဖွဲ့ဝင်တွေကို လေ့လာကြည့်ရင်လည်း ဒီးဒုတ်ဦးဘချို(၅၄ နှစ်)၊ သခင်မြ(၄၉ နှစ်)၊ ဦးရာဇတ်(၄၉ နှစ်)၊ ဦးဘဝင်း(၄၆ နှစ်)၊ မန်းဘခိုင်(၄၃ နှစ်)၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း(၄၀ နှစ်)နဲ့ ဦးအုန်းမောင်(၃၄ နှစ်)တို့ဖြစ်ပါတယ်။ ဒါကိုကြည့်ချင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းထက်အားလုံးဟာ အသက်ကြီးကြပါတယ်။ ဒီလိုအသက်ကြီးသူတွေ၊ ပညာရှင်တွေက ခေါင်းဆောင်ဖို့ အသိအမှတ်ပြုတာကိုကြည့်ချင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရိုးသားမှု၊ ကြိုးစားမှု၊ အမြော်အမြင်ရှိမှု စတဲ့ကိုယ်ရည်ကိုယ်သွေးတွေကိုလည်း သိရှိနိုင်ပါတယ်။ ဒီအချက်တွေကလည်းပဲ လက်ရှိနိုင်ငံရေးလောကမှာ လူငယ်တွေကို တက်ကြွစွာပါဝင်ဖို့ ဦးဆောင်မှုအခန်းကဏ္ဍတွေမှာ ပါဝင်လာဖို့အတွက် တွန်းအားတစ်ရပ်လည်း

ဖြစ်ပါတယ်။ ဒါကြောင့် မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့အကြားမှာရှိတဲ့ သံလွင်မြစ်ပေါ်မှာထိုးထားတဲ့ တံတားအမည်ကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့အမည်နာမကို ဂုဏ်ပြုပေးခြင်းအားဖြင့် ကျွန်တော်တို့ဟာ အမျိုးသားခေါင်းဆောင်ကြီးကို ဂုဏ်ပြုခြင်းဖြစ်သလိုပဲ လူငယ်တွေအားကျအတုယူနိုင်တဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ပြည့်စုံတဲ့ ရှေ့ဆောင်လမ်းပြဖြစ်လို့ အနာဂတ်အတွက်လည်း အကျိုးရှိမှာဖြစ်ပါတယ်။ အခုလို(၂၁)ပင်လုံကို ကြိုးစားအကောင်အထည်ဖော်နေတဲ့အချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များရဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကို ပြန်လည်အမှတ်ရစေပြီး အမျှော်အမြင်ရှိရှိ စဉ်းစားဆုံးဖြတ်စေလိုတဲ့ဆန္ဒနှင့်အတူ အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်မိကွန်ချမ်းတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်မိကွန်ချမ်း။ ဘယ်နှစ်ယောက်ရှိလဲ။ ရှိရင်မတ်တတ်ရပ်ပါ။ နှစ်ယောက်ပဲရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်တစ်ခုလုံးရဲ့ နှစ်ယောက်ပဲရှိတဲ့အတွက် အများဆန္ဒအရ ဒီအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ (၁-၃-၂၀၁၇ ရက်)ဗုဒ္ဓဟူးနေ့ ညနေ(၄)နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့် ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက်ပါဝင်ဆောင်ရွက်ပေးရေးတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့(၃-၂-၂၀၁၇ ရက်နေ့)တွင် တင်သွင်းသွားတဲ့ ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက် ပါဝင်ဆောင်ရွက်ပေးရေးတိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ်ကိုးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်းတို့ခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ကရင်ပြည်နယ်၊ သံတောင်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့ နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ အချက်သုံးချက်အပေါ် မူတည်ပြီးတော့ အဆိုတင်သွင်းဆွေးနွေးသွားတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်၊ ဝါးများ ထုတ်ယူခြင်းကို ပြန်လည်သုံးသပ်ကြည့်ပါက မြေလွတ်၊ မြေရိုင်း၊ မြေလပ်များကို ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်သည့်အချိန်မှစပြီးတော့ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား ကျွန်းနှင့်အခြားသစ်မာများ စိုက်ပျိုးရန်၊ နှစ်ရှည်သီးနှံပင်များစိုက်ပျိုးရန်၊ ရောနှောသစ်တောများစိုက်ပျိုးရန်၊ နှစ်ရှည်မြေယာလုပ်ပိုင်ခွင့်ပြုရာမှအစ အချို့သော ပုဂ္ဂလိကလုပ်ငန်းရှင်များဟာ မိမိတို့အကျိုးစီးပွားအတွက်၊ မြေယာရရှိလိုမှုအတွက် သစ်တောများကို စည်းမဲ့ကမ်းမဲ့ ခုတ်ယူ၊ ထုတ်ယူလျက်ရှိသည့်သာမက ပြန်လည်ပြုပြင်ထိန်းသိမ်းမှုအားနည်းနေတာကို တွေ့ရတဲ့အတွက်ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီး

ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကို ဖြစ်ပေါ်စေပါတယ်။ ဒါ့ကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား နှစ်ရှည်လုပ်ပိုင်ခွင့်များကို ပြန်လည်စိစစ်ပြီးတော့ စီမံကိန်းချ၊ တိုင်းပြည်အကျိုးမပြုသော လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ပျက်စီးစေသော လုပ်ဆောင်မှုများကို တားဆီးပြီးတော့ ပြည်သူများ၊ သက်ဆိုင်ရာနိုင်ငံတော်အဖွဲ့များ ပူးပေါင်းပြီးတော့ အစုအဖွဲ့ပိုင်သစ်တောများကိုလည်းကောင်း၊ ကျေးရွာအဖွဲ့ပိုင်သစ်တောအဖြစ်သော်လည်းကောင်း၊ သစ်၊ ဝါးများကို စနစ်တကျပျိုးထောင်စိုက်ပျိုးပါက အချိန်တိုတိုအတွင်း တောင်ကတုံးများမှ စိမ်းလန်းစိုပြည်သော တောတောင်များဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဝါးမျိုးများကို သင့်တော်သည့်ဒေသများတွင် အစိုးရ၏ကူညီပံ့ပိုးမှုဖြင့် တွင်တွင်ကျယ်ကျယ်စိုက်ပျိုးရန် လိုအပ်ပါတယ်။ ဝါးအမြစ်များသည် မြေဆီ၊ မြေနှစ်များ၊ ရေများကို ထိန်းသိမ်းထားနိုင်ပါတယ်။ ဒါမကသေးဘူး မြေပြိုခြင်းများမှ အထူးကာကွယ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝါးအမျိုးမျိုးသည်လည်း အလွန်အသုံးဝင်ကြောင်း၊ တစ်နိုင်ငံလုံးမှာ ဝါးများကို အသုံးပြုလျက်ရှိကြောင်း သိရပါတယ်။ အဆင့်မြင့်နည်းစနစ်ဖြင့် ဝါးဖြင့်ထုတ်သော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်လိုအပ်ပါတယ်။ ပြည်သူများ၊ ဝါးပညာရှင်များ၊ ဝါးချစ်သူများနှင့် နိုင်ငံတော်အစိုးရက ပူးပေါင်းပြီး အဆင့်မြင့်ဝါးထုတ်ကုန်လုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဝါးပိုးဝါးဖြင့် ပြုလုပ်သောကြမ်းခင်း၊ အကာများသည် နှစ်ပေါင်း ၃၀ ကျော် ခိုင်ခန့်ကြောင်း တွေ့ရပါတယ်။ နည်းစနစ်ဖြင့် ပြုပြင်လို့ရှိရင်၊ အသုံးချလို့ရှိရင် ဒီထက်မက တာရှည်ခံမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဝါးမျိုး ၂၂ မျိုး ရှိပြီးတော့ မျိုးစိတ်ကွဲ ၁၀၂ မျိုးရှိပါတယ်။ ဒေသအလိုက် ဝါးပိုး၊ ဝါးယား၊ ကြသောင်းဝါး၊ တင်းဝါး၊ ဝါးနက်၊ ထီးရိုးဝါး၊ တစ်ပင်တိုင်ဝါးဆိုပြီးတော့ သူနေရာနဲ့သူ၊ သူ့ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပါတယ်။ ဝါးစိုက်ပျိုး ပျိုးထောင်နည်း ခြောက်နည်းရှိပါတယ်။ အဲဒီခြောက်နည်းအနက် ကျေးလက်ဒေသများမှာဆိုရင် မိရိုးဖလာနည်းဖြစ်တဲ့ သဘာဝအလျောက်ပေါက်ရောက်မှုမှ ပျိုးထောင်မျိုးပွားနည်းကိုသာ အသုံးပြုလျက်ရှိပါတယ်။ ဝါးတစ်ပင်လုံးမှ ပျိုးတစ်ပင်သာ ပျိုးထောင်နိုင်ပါတယ်။ ဒါကြောင့် ဝါးပျိုးထောင်တဲ့နည်း ခြောက်နည်းအနက် အကောင်းဆုံးနည်းကတော့ မြေထုပ်စည်းပြီးတော့ ကိုင်းကူးမျိုးပွားနည်းဖြစ်ပါတယ်။ အဲဒီ ကိုင်းကူးမျိုးပွားနည်းမှာ အချိန်တိုတိုအတွင်း ဝါးပင်ပေါင်းများစွာကို ပျိုးထောင်နိုင်မှာဖြစ်ပါတယ်။ ဥပမာ ဝါးတစ်ပင်တွင် အဆစ်များရှိပါတယ်။ အဲဒီအဆစ်တိုင်းမှာ မြေထုပ်စည်းပြီးတော့ ပျိုးပင်များကို ပျိုးထောင်ပြီးတော့ ဝါးပင်ပေါက်များစွာ ရရှိနိုင်မှာ

ဖြစ်ပါတယ်။ ဝါးရုံများကို မီးရှို့ပါက မသေပါ။ ဒီ့ထက်မက ပိုပြီးတော့ သန်မာထွားကျိုင်းတဲ့ အညှောက်၊ အစို့၊ ဝါးပင်များ ပိုထွက်ရှိလာတာကို တွေ့ရပါတယ်။ ဒါကြောင့် ဝါးစိုက်ပျိုးရန် စီမံကိန်းချပြီးတော့ ဝါးမျိုးများကို တွင်တွင်ကျယ်ကျယ် စနစ်တကျ စိုက်ပျိုးပါက ခြောက်သွေ့နေသော သဘာဝ တောတောင်များသည် အချိန်တိုတိုအတွင်း စိမ်းလန်းစိုပြည်သော တောတောင်များဖြစ်လာမှာဖြစ်ပါ တယ်။ နောက် သဘာဝပတ်ဝန်းကျင်ကိုလည်း ပြန်လည်ထိန်းသိမ်းနိုင်ပြီး ရာသီဥတုကိုလည်း ပိုပြီး တော့ကောင်းမွန်လာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် ကမ္ဘာ့နိုင်ငံများမှ ဝါးနှင့် ပတ်သက်ပြီးတော့ World Bamboo Congress ကို ၁၉၈၄ ခုနှစ်မှစပြီးတော့ သုံးနှစ် တစ်ကြိမ် ကျင်းပလျက်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်ဝန်ကြီးများကို မင်္ဂလာပါလို့နှုတ်ခွန်းဆက် ပါတယ်။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော်က လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို့ရဲ့အဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဝါးပင်ဟာ ဆင်းရဲ သားများအတွက် သစ်ဖြစ်ပါတယ်။ ရာဘာပင်ကို ရွှေဖြူလို့ တင်စားခေါ်ဝေါ်သလို ဝါးပင်ကို ရွှေစိမ်း Green Gold လို့တောင် အချို့နိုင်ငံများမှာ တင်စားခေါ်ဝေါ်နေပါပြီ။ မျှစ်ကနေအစ စကော၊ တောင်း၊ အိမ်အမိုးသက်ကယ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းအဆုံး အသုံးဝင်လှပါတယ်။ ထိုင်းနိုင်ငံနှင့် တရုတ် နိုင်ငံတို့ဟာ မျှစ်ကို နိုင်ငံခြားကို တင်ပို့ရောင်းချရာကနေ ဝင်ငွေအများဆုံးရရှိနေတယ်လို့ သိရပါ တယ်။ ဝါးအမျိုးပေါင်း ၄၀ က ရတဲ့မျှစ်ဟာ စား၍ရတဲ့မျှစ်တွေပဲ ဖြစ်ပါတယ်။ မျှစ်ကို ဆားရည်စိမ်၊ အပြုတ်၊ အခြောက်၊ အချဉ်စသည်ဖြင့် ပုံစံမျိုးစုံစားသုံးနိုင်ပါတယ်။ တရုတ်နိုင်ငံမှာ လူတစ်ဦးဟာ တစ်နှစ်ကို ပျမ်းမျှ ၁.၆ ကီလို၊ တစ်ပိဿာခန့်၊ ဂျပန်ကတော့ ၅ ကီလို ၃ ပိဿာခန့် စားသုံးတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံကတော့ သိတဲ့အတိုင်းပါပဲ။ ဝါးတောများရဲ့ပြုန်းတီးရခြင်းအကြောင်းရင်း ဟာလည်းပဲ ဒီမျှစ်ကို စားသုံးရခြင်းကြောင့်လည်းဖြစ်ပါတယ်။ ဝါးရွက်ကနေ ဘီယာ၊ ဝမ်းသန့်ဆေး၊ ဆေးဝါးများထုတ်လုပ်ရောင်းချနေပြီလို့လည်း ကျွန်တော်တို့ သိရပါတယ်။ ဝါးရွက်ရဲ့ဆေးဘက်ဝင်ပုံကို သစ်တောရေးရာဂျာနယ်အမှတ် ခုနစ်နှစ်ပြည့်အထူးထုတ်မှာ ဖတ်ရှုခဲ့ရဖူးပါတယ်။ ဝါးကို ခြင်းတောင်း၊

စကော၊ ဗန်းကအစ ရက်လုပ်ရာကနေပြီးတော့ ပိုမိုအသေးစိတ်လှပြီး ပရိဘောဂတွေဖြစ်တဲ့ ဝါး၊ ဆက်တီ(Settee)၊ ဝါးခုတင်၊ ဝါးကုလားထိုင်စသည်တို့ကို လှလှပပ ပြုလုပ်ပြီးတော့ အသုံးပြုနေကြပါပြီ။ ဝါးပင်များဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း အလွန်တရာအရေးကြီးပါတယ်။ ခိုင်ခန့်ကျစ်လစ်တဲ့ ဝါးရဲ့အမြစ်များဟာ မြေဆီလွှာကို ကောင်းစွာဆွဲထိန်းထားနိုင်ပါတယ်။ ဒါကြောင့် ရေဝေရေလဲဒေသများမှာ ဝါးပင်၊ ဝါးတောများရှိရင် မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးနိုင်ပါတယ်။ ဝါးရွက်အဆွေးများဟာ ဇီဝထုထည်အများဆုံးထုတ်လုပ်ပေးနိုင်ပြီး မြေဩဇာကောင်းမွန်စေပါတယ်။ ဝါးစိုက်ခင်း တစ်ယူနစ်ဟာ သစ်တောစိုက်ခင်း တစ်ယူနစ်ထက် အောက်ဆီဂျင်ထုတ်လုပ်မှု ၃၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ ပိုပါတယ်။ ဒါကြောင့် ဝါးပင်များစိုက်ပျိုးခြင်းဖြင့် လေထုကို များစွာသန့်ရှင်းစေပါတယ်။ ဝါး ၂.၅ ဧက ဟာ ဖုန်မှုန့်တန်ချိန် ၉၀ ခန့်ကို စုပ်ယူနိုင်ပါတယ်။ ဒါကြောင့် လေထုညစ်ညမ်းမှုကို များစွာအကာအကွယ်ပေးနိုင်တဲ့ သဘာဝကပေးတဲ့ လက်ဆောင်ဖြစ်ပါတယ်။ ဝါးပင်များဟာ မြို့ကြီးပြကြီးတွေမှာ ဆူညံသံနည်းသွားအောင် အကာအကွယ်ပေးနိုင်ပါတယ်။ အလှအပအဖြစ်နဲ့လည်း စိုက်ပျိုးနိုင်ပါတယ်။ မြို့ရွာတွေကို စိမ်းလန်းစိုပြည်နိုင်ပါတယ်။ တရုတ်နိုင်ငံ အမျိုးသားဝါးသုတေသနအဖွဲ့ရဲ့ ထုတ်ပြန်ခဲ့တဲ့စာရင်းဇယားများအရ ၂၀၀၆ ခုနှစ်မှာ တရုတ်နိုင်ငံဟာ ဒေါ်လာသန်းပေါင်း ၁၇၄၈ သန်း၊ အင်ဒိုနီးရှားနိုင်ငံဟာ ဒေါ်လာသန်းပေါင်း ၄၃၃ သန်း၊ အီတလီနိုင်ငံဟာ ဒေါ်လာသန်းပေါင်း ၄၂၀ သန်း၊ ဗီယက်နမ်နိုင်ငံဟာ ဒေါ်လာသန်းပေါင်း ၂၀၇ သန်း၊ ဖိလစ်ပိုင်နိုင်ငံဟာ ဒေါ်လာသန်းပေါင်း ၁၆၄ သန်းနှင့် ထိုင်းနိုင်ငံကတော့ နှစ်စဉ်ဒေါ်လာသန်းပေါင်း ၄၀ ကျော် ဝါးကနေပြီးတော့ ဝင်ငွေရရှိနေကြောင်း ကျွန်တော်တို့ဖတ်ရှုသိရှိရပါတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ဝါးတောများ အခြေအနေကို ကြည့်ကြည့်ရအောင်ပါ။ ချိုဘို့တူ နွားပြာတုတ်တွေနဲ့ ပျိုတို့လူ ယာမလုပ်တဲ့ ဝါးခုတ်တဲ့တောင်ဆိုတဲ့ ရှေးကဗျာလေးကို လူတိုင်းကြားဖူးကြမှာပါ။ အခုတော့ နွားနဲ့မဟုတ်ဘဲနဲ့ ကားကြီး၊ ကားငယ်အသွယ်သွယ်နဲ့ ထုတ်လိုက်ကြတာ ဝါးခုတ်တဲ့တောင် မဟုတ်တော့ဘဲနဲ့ ဝါးပြုတ်တဲ့တောင် ဖြစ်သွားပါပြီ။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး၊ ဆင်ပေါင်ဝဲ၊ အောင်လံစတဲ့ မြို့များဟာ ပဲခူးရိုးမကို ခေါင်းအုံးအိပ်နေတဲ့ မြို့များလို့တောင် တင်စားခေါ်ဝေါ်နိုင်ပါတယ်။ သစ်တော၊ ဝါးတောကြီးများရှိခဲ့ဖူးပါတယ်။ အခုတော့ သစ်ကြီး၊ ဝါးကြီးများ မရှိတော့ပါဘူး။ သစ်ပင်ကြည့်ပြန်တော့လည်း ခြေသလုံးလောက်၊ ပေါင်လောက်၊ ဝါးကြည့်ပြန်တော့လည်းပဲ ငါးမျှားတံလောက်ပဲ ကျန်ပါတော့တယ်။ ဆင်းရဲနွမ်းပါးမှုနဲ့ သစ်တော

ဝါးတောများကလည်း ဆက်စပ်နေပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလထဲက ပဲခူးရိုးမပေါ်မှာ ဆင်းရဲလို့ ဝါးခုတ်ရတဲ့ကြား ဝါးကားမှောက်လို့ လူ ၁၄ ဦးခန့် တံစို့နဲ့ထိုးသလိုအဖြစ်ဆိုးနဲ့ သေဆုံးခဲ့ရတာကိုလည်း ဝမ်းနည်းဖွယ်ရာ ကြားသိရပါတယ်။ ဝမ်းသာစရာသတင်းတစ်ပုဒ်ကတော့ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းက ဝါးဖြင့် အထပ်သားစမ်းသပ်ပြုလုပ်မှုကို အောက်တိုဘာလ ၂၇ ရက်နေ့က ဆွာမြို့မှာရှိတဲ့ မြန်မာ-ကိုရီးယား အပြည်ပြည် ဆိုင်ရာသစ်လုပ်ငန်းလီမိတက်မှ စမ်းသပ်ပြုလုပ်အောင်မြင်ခဲ့ကြောင်း ကြေးမုံသတင်းစာမှာ ဖတ်ရှုလိုက်ရပါတယ်။ ဝါးပင်ဟာ သုံးနှစ်တည်းနဲ့ကြီးပြင်းပြီးတော့ အသုံးပြုလို့ရပါတယ်။ ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှဆိုတဲ့ သစ်တောရေးရာဆောင်ပုဒ်နဲ့လည်း ညီပါတယ်။ မြန်မာနိုင်ငံအနှံ့မှာရှိတဲ့ မြေလွတ်၊ မြေရိုင်းများနှင့် သစ်တောနယ်မြေများမှာ ဒေသပိုင်အဖြစ်၊ ကိုယ်ပိုင်အဖြစ် ဝါးစိုက်ပျိုးရေးလုပ်ငန်းများကို ထူထောင်ပေးဖို့ သက်ဆိုင်ရာက ဦးဆောင်ကြိုးပမ်းပေးသင့်ပါတယ်။ မရှိတာထက် မသိတာခက်၊ မသိတာထက် သိပြီးတော့ မလုပ်တာခက်တယ်လို့ ယောအတွင်းဝန် ဦးဖိုးလှိုင်က မင်းတုန်းမင်းကြီးကို လျှောက်တင်ခဲ့ဖူးပါတယ်။ ဒါကြောင့် ယခင့်ယခင်ကာလက ကြက်ဆူပင်ကိုတောင်မှ စီမံကိန်းကြီးတစ်ခုအဖြစ်နဲ့ ဆောင်ရွက်ခဲ့ဖူးတာကို လူတိုင်းအသိပါ။ အချိန်တွေ၊ ဘဏ္ဍာငွေတွေ၊ လုပ်အားတွေအများကြီး ဆုံးရှုံးခဲ့ရပါတယ်။ ဒါကြောင့် ဝါးစိုက်ပျိုးရေးလုပ်ငန်းများ၊ ဝါးတောကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်သင့်ပါပြီဖြစ်ကြောင်းနဲ့ ဝါးစိုက်ပျိုးပုံအသေးစိတ်သိလိုပါက သစ်တောတက္ကသိုလ် ပါမောက္ခ ဒေါက်တာစန်းဝင်းရဲ့ လက်တွေ့ဝါးမျိုးပွား ခြင်းနဲ့ စိုက်ပျိုးခြင်းစာအုပ်မှာ ဖတ်ရှုလေ့လာနိုင်ပါကြောင်း စာပေဒါနဝေမျှရင်း ဦးခင်ချိုရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့အဆိုအား အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ တင်ပြချက်ဟာ မြန်မာနိုင်ငံသစ်တောများ လျော့နည်းသွားတဲ့ အခါမှာ သစ်အစား ဝါးများကို သုံးဖို့ဆိုတာ အကျိုးရှိတာကို ဖော်ပြခြင်းဖြစ်ပါတယ်။ မြန်မာ့ဆိုရိုး စကားရှိပါတယ်။ သစ်မရှိခင်ဝါးပေါင်းကွပ်ဆိုသလို နေရာတော်တော်များများမှာ အထူးသဖြင့် ကျေးလက်ဒေသများမှာ သစ်များရှားပါးလာသည့်အတွက် ဝါးကိုပိုမိုသုံးစွဲလာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဝါးမျိုးအစားအနေနဲ့ ခုနက ဦးဗစ်တာခလိုက်ဆွေးနွေးသွားသလို ၁၀၁ မျိုး၊ ၁၀၂ မျိုးခန့် ရှိတယ်ဆိုတဲ့ အကြောင်း သုတေသနဖော်ထုတ်ချက်အရ သိရှိရပါတယ်။ မြန်မာနိုင်ငံမှာ အသုံးများတာကတော့ အထူးသဖြင့် ဝါးပိုးဝါး၊ ကြက်သောင်းဝါး၊ ကရင်ဝါး၊ ဝါးနက်၊ ထီးရိုးဝါး၊ ကြက်ခက်ဝါးဒါတွေရှိကြ ပါတယ်။ ဝါးဧရိယာအများဆုံးဟာ ပြည်နယ်ကတော့ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးရိုးမ အရှေ့၊ ပဲခူးရိုးမအနောက် ဒါတွေဟာဆိုလို့ရှိရင် ဧရိယာအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် ကီလိုမီတာ ၁၅၅၅၂ ကီလိုမီတာခန့်ကျယ်ဝန်းတယ်။ ခုနက စာရင်းအရ သိရှိရပါတယ်။ ဝါးထုတ်လုပ်မှုကို သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းဦးစီးဌာနက ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုမှာ ၂၀၀၁ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အထိ ဝါးထုတ်လုပ်မှုအရေအတွက် စုစုပေါင်းဟာ ၄၄၉၀ သန်းခန့် ထုတ်လုပ် တယ်လို့ ဒါစာရင်းထဲမှာဖော်ပြထားပါတယ်။ နောက်တစ်ခုက ၁၉၉၀ ခုနှစ် တွက်ချက်မှုအရ ဝါးထုတ် လုပ်တဲ့ တန်ဖိုးဟာဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ တန်ထောင်ပေါင်း ၇၇၅၃ တန်၊ နောက်တစ်ခါ ၂၀၀၂ ခုနှစ်အတွင်းမှာ တန်ထောင်ပေါင်း ၈၄၈၁ တန်၊ ၂၀၀၅ ခုနှစ်မှာ တန်ထောင်ပေါင်း ၉၈၀၃ တန်ခန့် ထုတ်တယ်လို့ တွက်ချက်ထားပါတယ်။ တန်ဖိုးအနေနဲ့ကတော့ ၁၉၉၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၆၀ ယူနစ်တန်ဖိုးရှိပါတယ်။ နောက် ၂၀၀၀ ပြည့်နှစ်မှာထုတ်တဲ့ ဝါးတန်းဖိုးကဆိုလို့ရှိရင် အမေရိကန်ဒေါ်လာသန်းပေါင်း ၃၅၇ တန်ရှိပါတယ်။ နောက် ၂၀၀၅ ခုနှစ် တန်ဖိုးဟာဆိုရင် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၆၁ ခန့် ရှိတယ်လို့ ITTA Project မှတ်တမ်းအရ တင်ပြခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံး ဝါးကိုနှစ်စဉ်ထုတ်လို့ရှိရင် နောင်မျိုး ဆက်သစ်မှာ ဝါးရှားပါးသွားနိုင်ပါတယ်။ ဒါကြောင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး နိုင်ငံတော်မှ ဝါးဥယျာဉ်တစ်ခုကို တိုင်းပြည်အတွက် တည်ထောင်သင့်တယ်လို့ ကျွန်တော်အကြံပြုတင်ပြလိုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံမှာ ဝါးတွေဒီလောက်ထုတ်လုပ်တာ ဝါးပျော့ဖတ်ကိုနိုင်ငံခြား၊ နောက်တစ်ခါ ဝါးမီးသွေးဟာ နိုင်ငံခြားမှာ တော်တော်တန်ဖိုးရှိပါတယ်။ ဒါတွေကိုလည်း နိုင်ငံခြားကို

ဘယ်လောက်အရေအတွက် ဝါးပျော့ဖတ်တွေ၊ ဝါးမီးသွေးတွေ ဘယ်လောက်ပို့တယ်ဆိုတဲ့ဟာကို နည်းနည်းလေး သိလိုပါတယ်။ ၎င်းအပြင် ဝါးနဲ့ပတ်သက်ပြီးတော့ ဝါးပျော့ဖတ်လုပ်တဲ့စနစ်ကို ကျေးလက်ဒေသမှာ စနစ်တကျသင်ကြားဖော်ထုတ်ပေးသင့်ပါတယ်။ ဒါမှ နိုင်ငံတော်အတွက် အများကြီးအကျိုးရှိမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ဝါးစိုက်ပျိုးရေးကို ကျေးရွာများမှ ထင်းစိုက်ပျိုးခင်းကို အစိုးရခွင့်ပြုသလို ဝါးစိုက်ခင်းမျိုးကောင်းမျိုးသန့်များကိုလည်း စနစ်တကျ ဖော်ထုတ်သင့်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြေလွတ်၊ မြေရိုင်းပေါတယ်ဆိုတာက ပမာဏပြရလို့ရှိရင် ရန်ကုန်-မန္တလေး မီးရထားလမ်း ဝဲယာ မီးရထားလမ်း နယ်နိမိတ်ပါ ဒါစမ်းသပ်စိုက်ပျိုးလို့လည်းရပါတယ်။ ထို့အတူ အမြန်လမ်းမကြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးမှာ အခုကုက္ကိုပင်တွေက ကျိုးတို့ကျဲတဲလောက်သာ စိုက်ပြီးတော့၊ ကုက္ကိုပင်နှင့်ရောနှောပြီး ဝါးကိုစနစ်တကျ စိုက်လို့ရှိရင်လည်း ဖြစ်ထွန်းနိုင်မယ်ဆိုတဲ့အကြောင်း တင်ပြရင်း လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့အဆိုအား အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဟုမ္မလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော်က လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့တင်သွင်းတဲ့ ဝါးစိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်တဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သစ်တောပြုန်းတီးမှုတော်တော်လေးဆိုးရွားနေပြီး ဂေဟစနစ် ပျက်ယွင်းမှုတွေလည်း အတော်လေးဖြစ်ပေါ်နေပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်မှာလည်း ၂၀၀၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကောက်ယူတဲ့စာရင်းအရ သစ်တောဧရိယာ ၈၇၁၁၆ ဟက်တာ ပျက်စီးတယ်လို့အဆိုရှင်က အဆိုမှာဖော်ပြထားပါတယ်။ အဲဒါမှန်ပါတယ်ခင်ဗျား။ ဟုမ္မလင်းသစ်တောမှာ ရောင်းတန်းဝင်သစ်ပင်ကြီးများဟာ ကုန်သလောက်နီးပါးရှိပြီး ဖုန်းဆိုးတောများသာ ကျန်ရစ်တည်ရှိနေပါတယ်။ ဒီနေရာမှာ ဒေသနှင့်နိုင်ငံမှာ အသုံးဝင်တဲ့ဝါးများကို ပြန်လည်စိုက်ပျိုးမယ်ဆိုရင် အဆိုရှင်တင်ပြသွားသလို ဝါးသည်အကြီးမြန်တဲ့ အပင်ဖြစ်တာ

**မူကြမ်း**

ကြောင့် သစ်တောများဟာ အချိန်အနည်းငယ်အတွင်း ပြန်လည်စိမ်းလန်းလာမှာ ဖြစ်ပါတယ်။ အဆိုရှင် တင်ပြသွားတဲ့အထဲမှာ အဓိကနှစ်ချက်တွေ့ရှိရပါတယ်။ ပထမအချက်အနေနဲ့တော့ သဘာဝ ပတ်ဝန်းကျင် ရေထုသန့်ရှင်းရေးနဲ့ ရာသီဥတုထိန်းသိမ်းရေးကဏ္ဍတွင် ဝါးပြန်လည်စိုက်ပျိုး လျှင်သင့် တော်ကြောင်းဖြစ်ပြီး ဒုတိယအချက်အနေနဲ့ နိုင်ငံသူနိုင်ငံသားများ၏ စားဝတ်နေရေးနှင့် ဆင်းရဲမှု လျှော့ချရေးကဏ္ဍကို အများကြီးအထောက်အကူပြုနိုင်တဲ့ အပင်မျိုးဖြစ်တဲ့အတွက် စနစ်တကျ စိုက်ပျိုး ထုတ်လုပ်သင့်တယ်လို့ဆိုထားပါတယ်။ ကျွန်တော်ကတော့ ဒုတိယအချက်ကို ထောက်ခံဆွေးနွေးသွား မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းဒေသဘက်မှာ တောကနေပြီးတော့မှ မျှစ်ချိုး၊ မှိုရှာ၊ ဟင်းရွက် ခူးပြီး မြို့ဈေးတက်ရောင်းချလို့ မိမိရဲ့စားဝတ်နေရေးကို ဖြေရှင်းပြီး ဘဝရပ်တည်တဲ့သူတွေ ဖြစ်ကြ ပါတယ်။ အခုဆိုရင် သစ်တောများပြုန်းတီးကုန်တဲ့အတွက် သူတို့လေးတွေရဲ့ ရပ်တည်မှုဟာခက်ခဲလာ တာတွေ့ရပါတယ်။ မျှစ်ဟာ လူကြိုက်များတဲ့ဟင်းလျာဖြစ်ပြီး ကျွန်တော်တို့ ဘက်မှာမျှစ်ကို အမျိုးမျိုး လုပ်စားကြပါတယ်။ မျှစ်ချဉ်ဆိုတာလည်း ဈေးကွက်ဝင်ရောင်းတန်းတစ်ခု ဖြစ်နေပါပြီ။ မိုးရာသီ ဆိုလို့ရှိရင် ကျွန်တော်တို့ဘက်မှာ မျှစ်ဟင်းဟာ အဓိကဟင်းအဖြစ် စားသုံးကြပါတယ်။ ပြီးခဲ့တဲ့အပတ် လွှတ်တော်ပိတ်လို့ ကျွန်တော်နယ်ဆင်းတဲ့အခါမှာ ဝါးစိုက်တောင်သူများနဲ့ တွေ့ရပါတယ်။ ဟုမ္မလင်း မြို့နယ် ချင်းတွင်းဒေသအထက်ပိုင်း နောင်ပင်ချောင်းတစ်ဝိုက်မှာရှိတဲ့ နောင်ပင်၊ မှန်ဖာ၊ ဆောပက ကျေးရွာများ၊ မော့်ယုံချောင်းတစ်လျှောက်မှာရှိတဲ့ အထက်မိုင်းဝယ် အောက်မိုင်းဝယ် မော့်ယူမြိုင် ကျေးရွာများနှင့် နန့်တက်ချောင်းတစ်လျှောက်မှာရှိတဲ့ ထွက်ဝ၊ ညောင်ကုန်း၊ ဆာမီ၊ နန်တလက်ကျေးရွာ များမှာ ဝါးစိုက်ပျိုးပြီး အသက်မွေးကြတာကို တွေ့ရှိရပါတယ်။ ဝါးခင်းများမှ ဝါးခုတ်ပြီးရောင်းရငွေ များဖြင့် စားရေး၊ ဝတ်ရေး၊ နေရေး၊ သားသမီးကျောင်းစရိတ်များပါ ဖြေရှင်းနေတာကို တွေ့ရှိရပါတယ်။ ဝါးစိုက်တောင်သူများဟာ သူတို့ရဲ့စိုက်ခင်းမှရတဲ့ ဝါးတွေကို ဝါးဖောင်ဖွဲ့ပြီး ချင်းတွင်းမြစ်တစ်လျှောက် စုံဆင်ကာ မုံရွာ-အလုံမှာရှိတဲ့ ဝါးဒိုင်များမှာ လာရောက်ရောင်းချကြရပါတယ်။ အလုံ-မုံရွာကိုစုန်ဆင်း တဲ့အခါမှာ အနည်းဆုံး ရက် ၂၀၊ အများဆုံးတစ်လကျော်အထိ ဖောင်စုန်ကြရပါတယ်။ ဒီလိုစုန်ဆင်းရာ မှာ လမ်းခရီးအခက်အခဲများစွာကိုလည်း တင်ပြကြပါတယ်။ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ ကနီ မြို့နယ်ဂိတ်များမှာ ဂိတ်ပေါင်း ၂၀ ကျော်ခန့်ရှိပြီးတော့မှ ဖောက်တစ်ခေါက်စုန်ရင် တစ်သိန်းကျော်ထိ ပေးဆောင်နေရတယ်လို့ပြောပါတယ်။ ဝါး ၅၀၀၀ ပါ ဖောင်တစ်ခုကို အစိုးရအခွန် ၅၀၀၀၀ ကျပ်မျော

ခွန်ပေးဆောင်ရပြီး လမ်းခရီးမှာတစ်သိန်းကျော်အထိ ပေးဆောင်နေရတဲ့ ဒီငွေတွေဟာ အစိုးရဆီကို ရောက်ရှိသလားလို့လည်း ကျွန်တော်အမေးခံခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ဝါးမျောပါမစ်ထုတ်ပေးခြင်းနဲ့ ဝါးဖောင်များမျောစုန်ရာတွင် လမ်းလတ်ဂိတ်များ ရှိခြင်းကိုလည်း စောင့်ကြည့်ထိန်းကျောင်းပေးဖို့ လိုအပ်ပါတယ်။ အာရှနိုင်ငံများအနက် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံတို့မှာ ဝါးပေါက်ရောက်မှုအများဆုံးနိုင်ငံတို့ ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ ဝါးများကိုစနစ်တကျစိုက်ပျိုးပြီး ဝါးထွက်ပစ္စည်းကုန်ချောများကို ဈေးကွက်အတွင်း တွင်ကျယ်ပြန့်နှံ့စွာ ရောင်းချကြပါတယ်။ တရုတ်နိုင်ငံရှိ ကျေးရွာများမှာလည်း ဝါးကိုအများဆုံးစိုက်ပျိုးထားကြပြီး ကျေးလက်နေပြည်သူများ သို့မဟုတ် ဝါးစိုက်တောင်သူများကို နိုင်ငံတော်မှ စိုက်ခင်းတည်ထောင်ပေးကာ ဝါးမျိုးစေ့များ ပံ့ပိုးကူညီပေးခြင်း၊ ဝါးစိုက်တောင်သူများအား ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဝါးစိုက်နည်းပညာများ ဝါးကိုမည်သည့်အချိန်တွင် မည်မျှခုတ်လှဲရမည်ဖြစ်ကြောင်း ပညာပေးကူညီထောက်ပံ့ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာတော့ ဝါးကိုသဘာဝအလျောက် ပေါက်ရောက်မှုပေါ်တွင်သာ အမှီပြုပြီးအများဆုံးထုတ်လုပ်နေတာ တွေ့ရှိရပါတယ်ခင်ဗျား။ ကျွန်တော်တို့ မြို့နယ်မှာ ဝါးစိုက်တောင်သူများရှိတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ သူတို့မှာတော့ တရုတ်နိုင်ငံလို အကူအညီများ မရခဲ့ဖူးကြတာကို စိတ်မကောင်းစရာ တွေ့ရပါတယ်။ ဒီထက်ပိုဆိုးတာက သူတို့စိုက်ထားတဲ့ ဝါးခင်းဧကပေါင်းများစွာကို ပိုင်ဆိုင်မှုအထောက်အထား ရှိရမယ်ဆိုတာ တောင်မသိကြပါဘူး။ သိတဲ့သူများကလည်း ရုံးဌာနများနှင့်ဆက်သွယ်ပြီး ပြုလုပ်ရမည်ကို စိုးရွံ့နေကြပါတယ်။ ဘာကြောင့် ကြောက်နေရမှန်းမသိသလို ရုံးဌာနများကို စိုးရွံ့စိမ်းနေကြတာကိုလည်းတွေ့ရပါတယ်။ ဒါကြောင့် ဝါးခင်းပုံစံကွက်များထုတ်ပေးရင်တောင် နွေးနွေးထွေးထွေး၊ ဖေးဖေးမမနဲ့ လုပ်ဆောင်ပေးကြဖို့ လိုတယ်လို့ပြောချင်ပါတယ်ခင်ဗျား။ စိစစ်လုပ်နိုင်မယ်ဆိုရင်တော့ အစိုးရလည်းအခွန်ရ၊ ဆင်းရဲမှုလည်း လျှော့ချနိုင်မယ်လို့ ထင်ပါတယ်ခင်ဗျား။ လက်ရှိကမ္ဘာမှာ ဝါးရဲ့နယ်ပယ်ဟာ ကျယ်ပြန့်လာပါပြီ။ ဝါးကိုတူရိယာပစ္စည်းတွေလုပ်တဲ့နေရာ၊ လူအသုံးအဆောင်ပစ္စည်း၊ ကြိတ်သား၊ ပါကေး၊ မျက်နှာကြပ်၊ အခန်းစီးများအပြင် အလှဆင်ပစ္စည်းများအဖြစ်လည်း အသုံးပြုလာတာ တွေ့ရပါတယ်။ ဗီယက်နမ်နိုင်ငံမှာဆိုလို့ရှိရင် အမျိုးသမီးများဟာ ဝါးဖြင့်ပြုလုပ်သော အဝတ်အထည် အသုံးအဆောင်များနှင့် ဖက်ရှင်ထွင်ပြီး အဆန်းဝတ်ဆင်နေကြပါပြီ။ အတောမသတ်နိုင်တဲ့ လူတို့ရဲ့လိုအင်အရ ဝါးရဲ့နယ်ပယ်ကျယ်ပြန့်လာမှာ သေချာပါတယ်။ ဝါးလုပ်ငန်းဟာ သာမန်လူဆင်းရဲများ လက်လှမ်း

မီတဲ့ လုပ်ငန်းဖြစ်တာကြောင့် ဆင်းရဲမှုလျှော့ချရေးနှင့် ပြည်သူ့ဘဝမြှင့်တင်လာစေရန် အစိုးရအနေနဲ့ အားပေးလှုံ့ဆော်ရန်လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ ဝါးစိုက်တောင်သူများကို အခြားအာဆီယံနိုင်ငံများကဲ့သို့ ပံ့ပိုးပေးစေချင်ပါတယ်။ ဝါးစိုက်တောင်သူများကို မြေငှား၊ မြေပိုင်ဆိုင်ခွင့်များပေးခြင်းလည်း လုပ်သင့်ပါတယ်။ ဝါးပျိုးပင် မျိုးကောင်းများပံ့ပိုးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များပံ့ပိုးခြင်း၊ အခါအားလျော်စွာ နည်းပညာနှင့် သုတေသနဆောင်ရွက်ပေးခြင်းလည်း လုပ်သင့်ပါတယ်။ အတိုးနှုန်းသက်သာစွာနှင့် ချေးငွေများ ပံ့ပိုးခြင်းလည်း လုပ်ဆောင်ပေးစေချင်ပါတယ်။ ဝါးစိုက်ခင်းနှင့်အနီးဆုံးမြို့ရွာတွေမှာ ဝါးအခြေခံ စက်မှုလုပ်ငန်းများနှင့် စက်ရုံများတည်ထောင်ခွင့်ပြုပြီး ယင်းစက်ရုံစက်မှုလုပ်ငန်းများသည် လိုအပ် သည့်အခြေခံအဆောက်အဦများကို ပံ့ပိုးစေချင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်အပေါင်းကို မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော် ကတော့ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့ ဝါးနှင့်ပတ်သက် တဲ့အဆိုကို အကြံပြုဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံး၍ ဆွေးနွေးတင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဝါးဆိုတာဟာ လူသားတွေ မျိုးစုံအသုံးပြု နိုင်တဲ့ အရေးအပါဆုံးနဲ့ သစ်ပင်မဟုတ်တဲ့ အခြားသစ်တောထွက်သယံဇာတတစ်မျိုးဖြစ်ပါတယ်။ ဒီဝါးရဲ့အရေးပါခြင်းကြောင့် တချို့က ရွှေစိမ်း၊ တချို့က လူဆင်းရဲတို့၏ သစ်မိတ်ဆွေ၊ တချို့က လူထု မိတ်ဆွေလို့ ခေါ်ဆိုကြပါတယ်။ စိုက်ခင်းတည်ထောင်ပြီး သုံးနှစ်အကြာမှာ အရည်အသွေးကောင်းစွာ ထုတ်ယူသုံးစွဲနိုင်တဲ့ အင်မတန်တန်ဖိုးရှိတဲ့ စီးပွားရေးတွက်ခြေကိုက်တဲ့ သယံဇာတဖြစ်ပါတယ်။

မြန်မာနိုင်ငံနှင့် မြန်မာ့ဝါးကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် ဝါးအမျိုးပေါင်း ၂၃ မျိုး၊ မျိုးစိတ် ၁၂၀ မျိုးတို့မှာ စီးပွားရေးအသုံးဝင်တဲ့ဝါးက ၁၀ မျိုးသာရှိတဲ့အကြောင်း သိရပါတယ်။ အရှေ့တောင် အာရှဒေသမှာ မြန်မာနိုင်ငံဟာ တတိယ ဝါးသယံဇာတအပေါ်များဆုံးဖြစ်ပြီး မြန်မာ့ကျေးလက်ပြည်သူ

လူထု ၇၀ ရဲ့ နေ့စဉ်နေထိုင်စားသောက်မှုအတွက် အထူးအသုံးဝင်တဲ့ သယံဇာတဖြစ်ပြီး နိုင်ငံရဲ့ လူမှုစီးပွားနှင့် နေ့စဉ်လိုအပ်ချက်တွေအတွက် အရေးကြီးတဲ့ သစ်တောထွက်ပစ္စည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဝါးထုတ်ကုန်ပစ္စည်းကနေပြီးတော့ ၂၀၀၃ ခုနှစ် မှတ်တမ်းတွေအရ အမေရိကန်ဒေါ်လာ ၅.၂ သန်းရှိတဲ့ နိုင်ငံခြားငွေကို ရှာဖွေထားတယ်ဆိုတာ မှတ်တမ်းတင်တွေ့ရှိရပါတယ်။

ဝါးရဲ့အသုံးဝင်မှုကတော့ ပုံမှာပြတဲ့အတိုင်းပါပဲ။ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုကုန်ကြမ်း အစရှိသဖြင့် လွန်စွာအသုံးဝင်တဲ့ သဘာဝသယံဇာတဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဝါးပေါက်ရောက်မှုအခြေအနေကို လေ့လာကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ရာသီဥတု မိုးရေချိန် မြေအမျိုးအစားတွေဟာ ဝါးစိုက်ပျိုးဖို့အတွက် ပုံမှာပြတဲ့အချက်အလက်တွေနဲ့ကိုက်ကြည့်မယ်ဆိုလို့ရှိရင် ငြင်းစရာမရှိအောင် ကျွန်တော်တို့နိုင်ငံမှာ သစ်ပင်ရှိရင် ဝါးပင်ရှိနိုင်မယ့်အနေအထားမျိုးကို ပိုင်ဆိုင်နေတာဖြစ်ပါတယ်။ ပဲခူးရိုးမ၊ ရခိုင်ရိုးမ၊ တနင်္သာရီဒေသတွေဟာ သစ်တောဦးစီးဌာနမှ ဝါးကုန်ကြမ်းထုတ်လုပ်ဖို့အတွက် သတ်မှတ်ထားတဲ့ဒေသတွေဖြစ်ပါတယ်။

ဒါပေမဲ့ ဒီဝါးတွေဟာ တစ်နေ့ကျရင် ပျောက်သွားမလား။ ပြုန်းတီးသွားမလားလို့ လေ့လာကြည့်လိုက်တဲ့အခါမှာ တချို့အယူအဆတွေက ဝါးတုံးတယ်၊ ဝါးပွင့်တယ်ဆိုလို့ရှိရင် ပျက်စီးမယ်လို့ယူဆတာတွေရှိပါတယ်။ ဒါမှားပါတယ်။ နှစ်အပိုင်းအခြားတစ်ခုအတွင်းမှာ ဝါးပွင့်ဝါးသီးခြင်းဖြစ်ပေါ်ပြီး အပင်သေဆုံးတဲ့ ဝါးတုံးခြင်းဟာ အစေ့တွေဖြစ်ပေါ်လာတဲ့အတွက် ဝါးပင်ငယ်တွေထူထဲစွာပေါက်ရောက်ရှင်သန်နိုင်ခြင်းကြောင့် ဝါးပျောက်ကွယ်သွားဖို့ မဖြစ်နိုင်ပါဘူး။ တကယ်တမ်းအရေးကြီးတာကတော့ ဝါးပြုန်းတီးတဲ့ပြဿနာဖြစ်ပါတယ်။ လူတွေရဲ့ ပယောဂကြောင့် ဝါးတောတွေပျက်စီးမယ်။ အထွက်နည်းမယ်။ အရည်အသွေးကျဆင်းမယ်။ ဒါမှတစ်ဆင့် ဝါးတောတွေဟာ လုံးဝပျောက်ကွယ်သွားနိုင်တဲ့အထိ ကျွန်တော်တို့နိုင်ငံရဲ့ ဆုံးရှုံးမှုဖြစ်နိုင်ပါတယ်။

ဝါးပြုန်းတီးနေတဲ့အကြောင်းတရားတွေကလည်း အင်မတန်အရေးကြီးပါတယ်။ အကြောင်းတရားတွေကို သိရှိထားဖို့လိုအပ်ပါတယ်။ အဓိကပြောရမယ်ဆိုရင် သုံးနှစ်ကျော်လွန်တဲ့ ဝါးတွေကို မခုတ်ဘဲ နှစ်နှစ်အောက်ဝါးတွေကို ခုတ်လှဲခြင်း၊ စီးပွားဖြစ်ဝါးစိုက်ခင်းတွေ တည်ထောင်ဖို့ အလွန်နည်းခြင်းဟာ အဓိကအကြောင်းတရားတွေဖြစ်ပါတယ်။ ဒါတွေကို ကာကွယ်နိုင်တယ်ဆိုလို့ရှိရင် သဘာဝတောတွေ၊ စနစ်တကျစီမံအုပ်ချုပ်ရေးနှင့် စနစ်တကျစီမံအုပ်ချုပ်တဲ့ စီးပွားဖြစ် ဝါးစိုက်ခင်းတွေ တည်ထောင်စိုက်ပျိုးနိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ဒီအကြောင်းတရားတွေ ဖယ်ရှားနိုင်မှာဖြစ်ပါ

တယ်။ ဒီဟာတွေကို လက်ရှိအနေအထားမှာ ဘယ်သူတွေဆောင်ရွက်နေပါသလဲ။ လေ့လာကြည့်ရှု လိုက်တဲ့အခါမှာ Focal Ministry အဓိကဝန်ကြီးဌာနအနေနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့အခါမှာ လက်တွေ့အနေအထားအရ လေ့လာလိုက်တဲ့အခါကျတော့ ဝါးတောတွေကောင်းမွန်စွာ စီမံ အုပ်ချုပ်ရေးအတွက် သက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ လုပ်ဆောင်နေမှုက လုံလောက်မှုမရှိ ဘူး။ အားရဖွယ်ရာမရှိတာ တွေ့ရှိနေရပါတယ်။ ဒါကို စိစစ်သုံးသပ်လိုက်တဲ့အခါမှာ နိုင်ငံတော်အစိုးရ မှဦးဆောင်ပြီး ဝန်ကြီးဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့အတွက် အထူး လိုအပ်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အကြံဉာဏ်ပေးချင်းတာကတော့ နိုင်ငံတော်အဆင့် ပူးပေါင်း ဆောင်ရွက်ရာမှာ ဖော်ပြပါဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ဖို့အတွက် တိုက်တွန်း ဖြည့်စွက်အကြံပေး အကြံပြုလိုပါတယ်။ အဲဒီအကြံပြုချက်အတိုင်း အဲဒီလို ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဝါးတောများစီမံအုပ်ချုပ်ရေး၊ စီမံကိန်းများချမှတ်နိုင်ရေး၊ ဝါးဆိုင်ရာပြည်ပပို့ကုန်မြှင့်တင်နိုင်ရေး၊ သုတေသနနှင့် ပညာရှင်တွေမွေးထုတ်နိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဒေသများမှာ ဝါးစိုက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်ရေး၊ တပ်မတော်နှင့် ပြည်သူလက်တွဲဆောင်ရွက်နိုင်ရေး၊ ကျောင်းသူ ကျောင်းသားပြည်သူလူထုအား ဝါးအသိဝါးပညာများဖြန့်ဖြူးခြင်းဖြင့် ကောင်းစွာစီမံအုပ်ချုပ်နိုင်သော ပုဂ္ဂလိကဝါးစိုက်ခင်းများ၊ သဘာဝဝါးတောများ ထူထောင်နိုင်မည်ဖြစ်သည့်အတွက် အဆိုရှင် ဦးခင်ချို၏ ဝါးစိုက်ပျိုးရေးကဏ္ဍအတွက် တင်သွင်းထားတဲ့အဆိုကို လေးနက်စွာ ထောက်ခံလိုက်ရပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဗန်းမောက်မဲဆန္ဒနယ်က ဦးကျော်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဗန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့ ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ်ဖြစ်ထွန်း အောင်မြင် ရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက်ဆောင်ရွက်ပေးရေးတိုက်တွန်းကြောင်းအဆိုကို

ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က အချက်(၄)ချက်ကို ထောက်ပြပြီး လုပ်ဆောင်သင့်တာတွေကို တိုက်တွန်းသွားတာတွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သစ်တောတွေ အလျင်အမြန်ပြုန်းတီးတဲ့အတွက် သစ်တောပြုစုပျိုးထောင်ရန်၊ ကာဗွန်ဒိုင်အောက်ဆိုဒ် လေထုထဲပါဝင်မှုမြင့်တက်လာပြီးတော့ ကမ္ဘာကြီးပူနွေးလာတဲ့အတွက် ကာဗွန်ဒိုင်အောက်ဆိုဒ်လျှော့ချရန်၊ ဝါးစိုက်ပျိုးခြင်းဖြင့်ပြည်သူများဝင်ငွေတိုးကာ ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူပြီး အောက်ဆီဂျင်ထုတ်ပေးခြင်းအတွက် ဂေဟစနစ်ကောင်းမွန်လာစေရန်နှင့် အစိုးရမှဦးဆောင်ပါဝင်ဆောင်ရွက်ပါမှ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးသွားတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကမ္ဘာကြီးဟာ တစ်နေ့ထက်တစ်နေ့ ပူနွေးလာတာ အားလုံးအသိပဲဖြစ်ပါတယ်။ ကမ္ဘာကြီးပူနွေးလာတဲ့ အဓိကအကြောင်းအရင်းတွေထဲမှာ စက်ရုံ၊ အလုပ်ရုံများမှ၊ ကားများမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ထွက်ရှိခြင်း၊ တိရစ္ဆာန်နှင့် ကောက်ပဲသီးနှံများမှ Methane ဓာတ်ငွေ့ထွက်ရှိခြင်း၊ သစ်တောပြုန်းတီးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် Chemical များအသုံးပြုခြင်းတို့ကြောင့် ဖြစ်ခြင်းတွေ့ရှိရပါတယ်။ လေထုထဲမှာ Greenhouse Gas ရဲ့ထုတ်လွှင့်မှုရဲ့ ၇၂ ရာခိုင်နှုန်းကျော်ဟာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လုပ်ခြင်းကြောင့်ဖြစ်ပါတယ်။ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်နှုန်းမြင့်လာတဲ့အတွက် အပူချိန်များပိုမိုမြင့်တက်လာတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့မြောက်ဝန်းရိုးစွန်းမှာရှိတဲ့ နှစ်ပေါင်းများစွာကရှိနေတဲ့ ရေခဲပြင်ကြီးကိုအလွှာလိုက် ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်နှုန်း သုတေသနပြုတိုင်းတာရာမှာ ယခင်နှစ်ပေါင်းများစွာက ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်နှုန်း အနည်းငယ်သာရှိပြီး တဖြည်းဖြည်းပါဝင်နှုန်းမြင့်လာတာတွေ့ရှိရပါတယ်။ ကမ္ဘာ့အပူချိန်ကလည်း အချိုးညီစွာ မြင့်တက်လာတာကို တွေ့ရှိရပါတယ်။ ၁၉၈၅ ခုနှစ်နောက်ပိုင်းမှာ သိသိသာသာမြင့်တက်လာတာကို တွေ့ရှိရပါတယ်။ နှစ်အလိုက် ကာဗွန်ထုတ်လုပ်မှုနှုန်း၊ လေထုထဲပါဝင်တဲ့အချိုး၊ ကမ္ဘာ့အပူချိန်တိုးတက်မှုဇယားများကို နှိုင်းယှဉ်လေ့လာကြည့်တဲ့အခါမှာ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ပိုများလေ အချိုးညီစွာ ပိုပြီးပူလေတွေ့ရှိရပါတယ်။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှု 450 PPM တိုးတိုင်းတိုးတိုင်းမှာ 2°C တိုးလာတာကိုတွေ့ရှိရပါတယ်။ အပူချိန်တွေ မြင့်တက်လာတာနှင့်အမျှ ဘေးထွက်ဆိုးကျိုးများဖြစ်တဲ့ ရေခဲပြင်ကြီးတွေအရည်ပျော်ပြီးတော့မှ ပင်လယ်ရေမျက်နှာပြင်တွေမြင့်တက်လာမယ်။ ရာသီဥတုတွေ ဖောက်ပြန်လာမယ်။ အပူအအေးလွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းကြီးတွေ

အကြိမ်ကြိမ်ဖြစ်ပေါ်လာခြင်းနှင့် လေဆင်နှာမောင်းများဖြစ်ပေါ်လာခြင်း၊ လျှောက်လှုပ်ခတ်ခြင်း၊ ကောက်ပဲသီးနှံတွေပျက်စီးခြင်း၊ မျိုးစိတ်များမျိုးသုဉ်းပြီးတော့မှ သန္တာကျောက်တန်းတွေ ပျောက်ကွယ်ခြင်းများဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီဆိုးကျိုးတွေကို ကာကွယ်ဖို့အတွက်ဆိုရင် ကာဗွန်ဒိုင်အောက်ဆိုဒ် လျှော့ချရန်နှင့် သစ်တောပြုန်းတီးမှုကာကွယ်ရန်အတွက် သစ်ပင်စိုက်ပျိုးခြင်းဟာ မလွဲမသွေလုပ်ရမှာဖြစ်ပါတယ်။ ဝါးစိုက်ပျိုးမယ်ဆိုလို့ရှိရင် သစ်ပင်ကြီးစိုက်ပျိုးတာထက် ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူနိုင်စွမ်းဟာ ငါးဆခန့်ပိုမိုစုပ်ယူနိုင်တာဖြစ်ပြီးတော့မှ သက်ရှိသတ္တဝါတွေ မရှိမဖြစ်လိုအပ်တဲ့ အောက်ဆီဂျင်ကိုလည်း ၃၀ ရာခိုင်နှုန်းကနေ ၃၅ ရာခိုင်နှုန်းကြား ပိုမိုထုတ်လုပ်ပေးနိုင်တာဖြစ်ပါတယ်။ ဝါးစိုက်ခင်း တစ်ဟတ်တာမှာဆိုလို့ရှိရင် ကာဗွန်ဒိုင်အောက်ဆိုဒ် ၃၇၀ တန်၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ် ၉၀ တန်နှင့် ဖုန်မှုန့် ၉၀ တန်တို့ကို စုပ်ယူနိုင်ပြီးတော့ ဆူညံသံများကို နည်းပါးအောင် ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ သစ်ပင်များစိုက်ပျိုးခြင်းနှင့် ဝါးစိုက်ပျိုးခြင်းက အကျိုးအမြတ် ၃ ဆရရှိကြောင်း ကိုလည်း ကျွန်တော်တို့ ဖတ်ရှုလေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ ဝါးမျိုးစုပေါင်း ၈၈ စုနှင့် မျိုးစိတ်ပေါင်း ၁၄၀၀ ရှိကြောင်းနှင့် မြန်မာနိုင်ငံဝါးမျိုးစု ၂၂ ခု၊ မျိုးစိတ်ပေါင်း ၁၀၂ ခုပေါက်ရောက်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ၅.၄ သန်းဧကရှိတဲ့ သဘာဝအလျောက်ပျံ့နှံ့ပြီးတော့မှ ပေါက်ရောက်နေကြောင်း သုတေသနပြုတဲ့ စာတမ်းများမှာလည်း တွေ့ရှိရပါတယ်။ ဝါးစိုက်ပျိုးခြင်းဖြင့် အဆောက်အဦအတွက်လည်းကောင်း၊ ဆောက်လုပ်ရေးသုံးပစ္စည်းများအတွက်လည်းကောင်း၊ ပရိဘောဂ အချောထည်များအတွက်လည်းကောင်း ချည်မျှင်များ၊ ဆေးဝါးများ၊ အထည်အလိပ်များ၊ မျှစ်ကဲ့သို့သော စားစရာများကို မြောက်မြားစွာရရှိပြီးတော့ ဝင်ငွေတိုးစေမှာဖြစ်ပါတယ်။ အချိန်သုံးလေးနှစ်အတွင်း အောင်မြင်စွာဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ပြီးတော့မှ ဘက်ပေါင်းစုံမှ အသုံးဝင်တဲ့ မြန်မာပြည်ဒေသအနှံ့မှာ ပေါက်ရောက်နေခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်ရန် သင့်တော်သောလုပ်ငန်းဖြစ်ပါတယ်။ ဝါးများ အလေ့ကျပေါက်ရောက်ရာမှာ နိုင်ငံအဝန်းစိုက်ပျိုးထုတ်လုပ်ရန်နှင့် စဉ်ဆက်မပြတ်ဝါးတောများ ရရှိနိုင်ရန်အတွက် အစိုးရမှ နည်းပညာအချက်အလက်များ၊ ငွေကြေးထောက်ပံ့မှုများ၊ မူဝါဒများမှမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါမှ ပိုမိုအောင်မြင်လာမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အစိုးရမှ သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ခြင်းအတွက် ရင်းနှီးမြှုပ်နှံမှု၊ ဂေဟစနစ်ထိန်းသိမ်းမှုမူဝါဒ၊ မြေအသုံးချမှုနှင့် နည်းပညာထောက်ပံ့ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းနှင့်

ဝါးထုတ်ကုန်များအပေါ် အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခြင်းစတဲ့ မူဝါဒများချမှတ်ပြီးတော့မှ ဦးဆောင်ဆောင်ရွက်ပေးနိုင်မှ ပိုမိုအောင်မြင်လာမှာဖြစ်ပါတယ်။ သို့အတွက်ကြောင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ကြွရောက်လာသောပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းဖြစ်ပြီး ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘက်စုံအသုံးဝင်အပင်ဖြစ်တဲ့ ဝါးစိုက်ပျိုးခြင်းဟာ သဘာဝဝန်းကျင်နှင့်ဂေဟစနစ်ကောင်းမွန်ရေးကို အထူးပံ့ပိုးပေးသောအပင် ဖြစ်တာကြောင့်လည်းကောင်း၊ ဝါးလုပ်ငန်းဖွံ့ဖြိုးလာပါက ကျေးလက်နေပြည်သူတို့ဘဝ ဝင်ငွေတိုးရေး အလားအလာကောင်းတွေရှိနေတာကြောင့်လည်းကောင်း၊ ယခုလိုထောက်ခံရခြင်းဖြစ်ပါတယ်ခင်ဗျား။ သဘာဝဝန်းကျင်ရှုထောင့်ကကြည့်မယ်ဆိုလို့ရှိရင် ဝါးပင်စိုက်ပျိုးခြင်းဟာ ဂေဟစနစ်ကောင်းမွန်ရေး၊ ရေသန့်၊ လေသန့်၊ မြေဆီလွှာတိုက်စားမှုလျော့နည်းစေခြင်းတို့ကို၊ အလွန်အထောက်အကူပြုတယ် ဆိုတာကို လေ့လာသိရှိနိုင်သလို ရေဝေရေလဲဒေသတွေမှာ ဝါးစိုက်ပျိုးပေးထားခြင်းအားဖြင့် ရေတိုက်စားခြင်း၊ မြေဆီလွှာတိုက်စားခြင်း စတာတွေကို အကာအကွယ်ပေးမှာဖြစ်ပါတယ်။ ဝါးပင်ဟာ အပင်အမြင့်ရဲ့ နှစ်ဆခွဲပမာဏကျယ်ဝန်းတဲ့မြေဆီလွှာကို ကာကွယ်ပေးနိုင်တယ်လို့ မှတ်သားမိသလို အပင်အလေးချိန်ရဲ့ ၂၅ ရာခိုင်နှုန်းကိုလည်း ရွက်ကြွေ၊ ကိုင်းကြွေအဖြစ်နဲ့ နှစ်စဉ်ပြန်ချွေပေးနေတာကြောင့် ဇီဝဓာတု(Biomet) အများဆုံး တစ်နည်း သဘာဝမြေသြဇာပြန်လည်ပံ့ပိုးပေးတာရောကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အလွန်အကျိုးများလှပါတယ်။ သစ်တောစိုက်ခင်းနဲ့ဝါးစိုက်ခင်းနှိုင်းယှဉ်ပါက အောက်ဆီဂျင်ပမာဏပိုမိုထုတ်လုပ်ပေးနိုင်တယ်ဆိုတာကိုလည်း သိရှိပြီးဖြစ်ပါတယ်။ ဝါးစိုက်ခင်းဟက်တာ နှစ်ဧကခွဲဟာ ကာဗွန်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ ဖုန်မှုန့်တန်များစွာကို စုပ်ယူနိုင်စွမ်းရှိနေပါတယ်။ ဒါကြောင့် သဘာဝဝန်းကျင်နှင့် ဂေဟစနစ်ကောင်းမွန်ရေးအတွက် အထူးသင့်လျော်တဲ့အပင်ဖြစ်နေတာကို သတိပြုမိကြမှာပါ။ ဒါ့ကြောင့်လည်း ဝါးပင်နှင့်ပတ်သက်၍

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာကျင်းပပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ (၈)ကြိမ်မြောက်ဝါးကွန်ကရစ် (World Bamboo Congress) ကနေ နှစ်ရှည် စက်တင်ဘာလ ၁၈ ရက်နေ့ကို ကမ္ဘာ့ဝါးပင်များနေ့ (World Bamboo Day)အဖြစ် သတ်မှတ်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ကမ္ဘာ့သဘာဝဝါးတောများ ပေါက်ရောက်မှုအခြေအနေကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံဟာ သဘာဝဝါးတော ပေါက်ရောက်မှုမှာ တတိယမြောက်ရှိနေတယ်ဆိုတာကို မှတ်တမ်းများအရ လေ့လာသိရှိရပါတယ်။ သို့ပေမယ့် ဝါးသယံဇာတကို အပြောင်းအရွှင်းသဘောမျိုး အလွန်အကျွံခုတ်ယူမှုတွေရှိလာနေတာကြောင့် အဲဒီအခြေအနေမှာ ရှိရောရှိပါသေးလားလို့ သံသယဝင်မိပါတယ်။ ကျေးလက်နေပြည်သူတွေမှာ အိမ်သုံးအတွက်တောင် အရင်လို ဝါးမပေါများတော့တာကို ရှိလာနေပါတယ်။ ခုတ်ယူတာသာများပြီးတော့ စိုက်ပျိုးမှုအင်မတန်နည်းပါးနေပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ သစ်တောဦးစီးဌာနအနေနဲ့နှစ်စဉ်မိုးကာလအတွင်းမှာ သစ်ပင်စိုက်ပွဲတော်တွေကျင်းပကာ သစ်ပင်ပေါင်းများစွာ စိုက်ပျိုးလျက်ရှိနေပေမယ့် ဝါးပင်ပျိုးမှု၊ ဝါးပင်မျိုးပွားမှု၊ ဝါးပင်ဖြန့်ဝေမှုတွေ၊ ဝါးနဲ့ပတ်သက်တဲ့အသိပညာဖြန့်ဝေမှုတွေ အင်မတန်နည်းပါးနေတာကိုလည်း လေ့လာတွေ့ရှိနေရပါတယ်။ ဝါးများကို လွယ်ကူသောနေရာတစ်နေရာတည်းမှ အဖန်တလဲလဲထုတ်ယူခြင်းတွေကြောင့်လည်း အရည်အသွေးမီ ဝါးများရရှိမှုနည်းပါးလာပါပြီ။ ဝါးပို့ကုန်မှ ဝင်ငွေရရှိမှုကို လေ့လာကြည့်မယ်ဆိုရင် တရုတ်နိုင်ငံဟာ ထိပ်ဆုံးမှာရပ်တည်နေပြီး မြန်မာနိုင်ငံအနေနဲ့ ဝါးကနေဝင်ငွေအမြောက်အများရရှိနိုင်အောင် စွမ်းဆောင်နိုင်မှုနည်းပါးနေပါသေးတယ်။ တရုတ်နိုင်ငံရဲ့ ဝါးပို့ကုန်မှဝင်ငွေဟာ ၂၀၀၁ ခုနှစ်မှာ အမေရိကန်ဒေါ်လာ သန်း ၄၀၀ မှ ၂၀၁၂ ခုနှစ်မှာ ၁.၉၅ ဘီလီယံအထိ ရှိလာခဲ့ပြီလို့သိရပြီး ဝါးလုပ်ငန်းမှာ လူဦးရေသန်း ၆၀ လောက် ဝင်ရောက်လုပ်ကိုင်နေပြီး အဲဒီထဲကမှ လူဦးရေ ရှစ်သန်းလောက်ကတော့ ဝါးအခြေပြုစက်မှုလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နေကြပါတယ်။ ဝါးလုပ်ငန်းမှာ ကုမ္ပဏီပေါင်းများစွာလည်း လုပ်ကိုင်နေကြကြောင်း မှတ်သားမိပါတယ်။ သူ့နိုင်ငံမှာ အဲဒီလိုဖြစ်လို့ ကိုယ့်နိုင်ငံက အဲဒီအတိုင်းလိုက်လုပ်ရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ဝါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ သူ့နိုင်ငံအစိုးရအနေနဲ့ မူဝါဒတွေချမှတ်ပြီးတော့ တစ်ဆင့်ချင်းအကောင်အထည်ဖော် ပံ့ပိုးကူညီမှုများပေးခဲ့လို့ ယခုလိုအောင်မြင်လာခြင်းဖြစ်တယ်ဆိုတာကို ထောက်ပြဥပမာပေးလိုခြင်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဝါးလုပ်ငန်းကနေဝင်ငွေရရှိနေတဲ့လုပ်ငန်းများစွာရှိနေပြီး တစ်ခုကို ဥပမာပေးရမယ်ဆိုရင်တော့ ပုဂံဒေသက မြန်မာ့

လက်မှုအနုပညာ ယွန်းထည်လုပ်ငန်းပဲဖြစ်ပါတယ်။ သို့ပေမဲ့ ဝါးလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ နည်းပညာတွေ ယခုထက်ပိုမိုတိုးတက်အောင်လုပ်ဆောင်ဖို့ လိုအပ်နေပါတယ်။ အားလုံးသိကြတဲ့ အတိုင်း ဝါးကနေ အစားအစာ၊ အဝတ်အထည်၊ ဆောက်လုပ်ရေး၊ လယ်ယာသုံး၊ အိမ်သုံးပစ္စည်း၊ ဆေးဝါးအစရှိတဲ့အမျိုးအမည်ပေါင်းများစွာကို ထုတ်လုပ်နိုင်ပြီး နိုင်ငံတော်အစိုးရမှ ဝါးစိုက်ပျိုးရေး ကဏ္ဍ တွင်တွင်ကျယ်ကျယ်ဖြစ်ထွန်းအောင်မြင်ဖို့ ဦးဆောင်အားစိုက်ကူညီဆောင်ရွက်ပေးမည်ဆိုပါက မြန်မာ့ဝါးအခြေပြုလုပ်ငန်းတွေ များစွာဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

သို့ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ၊ ရည်ရွယ်ချက်ကောင်းများချမှတ်ပြီး အစီအမံကောင်းတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ လက်ရှိရှိပြီးသားဖြစ်သော ဝါးသယံဇာတအခြေအနေကို မြို့နယ်အလိုက် စာရင်း ကောက်ယူခြင်း၊ ဝါးမျိုးအလိုက် စိုက်နည်းစနစ်၊ အသုံးဝင်မှု၊ ဈေးကွက် စတာတွေကို စနစ်တကျ သုတေသနပြုလေ့လာသင့်ပါတယ်။ ကျေးလက်နေပြည်သူများ ဝါးစိုက်ခင်းထူထောင်ခြင်း၊ ပုဂ္ဂလိက ဝါးအခြေပြုစက်မှုလုပ်ငန်းထူထောင်ခြင်းတွေကိုလည်း အားပေးဖို့လိုအပ်ပါတယ်။ ဝါးထွက်ပစ္စည်း တိုးတက်လာစေဖို့ အသုံးချနိုင်တဲ့သင်တန်းများကိုလည်း လုပ်ဆောင်ပေးသင့်ပါတယ်။ မြန်မာနိုင်ငံမှာ မည်သည့်နေရာဒေသမှာမဆို ဝါးစိုက်ပျိုးနိုင်ပြီး ဝါးပေါ်များစွာပေါက်ရောက်နိုင်သေးတာကြောင့် ဝါးပင်၏အကျိုးပြုမှုနှင့် အရေးပါမှုတွေကို လက်လွတ်မခံဘဲ ရယူသင့်ပါတယ်။ သစ်တစ်ပင်ဖြစ်ဖို့ သစ်မျိုးအလိုက် အချိန်ကြာမြင့်စွာစောင့်ရပေမဲ့ ဝါးကတော့ သုံး၊ လေးနှစ်နဲ့ အသုံးဝင်နေပါပြီ။ သစ်မရ ဝါးပေါင်းကွပ်ဆိုတဲ့ မြန်မာရှေးရိုးစကားရှိခဲ့သော်လည်း ယခုအခါမှာတော့ ဝါးဟာဘက်စုံအသုံးဝင်တဲ့ အပင်တစ်ပင် ဖြစ်လာနေခဲ့ပါပြီ။ ဝါးစိုက်ပျိုးခြင်းဟာ ကမ္ဘာကြီးကို ပူနွေးစေတဲ့ ကာဗွန်ဒိုင် အောက်ဆိုက်တွေကို လျှော့ချနိုင်ရုံသာမက သဘာဝဝန်းကျင်နှင့် ဂေဟစနစ်ကောင်းမွန်ဖို့အတွက် အဖိုးတန်အပင်ဖြစ်ခြင်း၊ ဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ပါက ကျေးလက်နေပြည်သူတွေ အလုပ်အကိုင် အခွင့် အလမ်းရရှိမှုနဲ့ ဝင်ငွေတိုးစေဖို့ အလားအလာကောင်းတွေရှိနေတာကြောင့် နိုင်ငံတော်မှ ဝါးစိုက်ပျိုးရေးကဏ္ဍဖြစ်ထွန်းအောင်မြင်ဖို့ ဦးဆောင်ပါဝင်ပေးခြင်းဟာ အထူးသင့်လျော် ပါကြောင်း ပြောကြားရင်းထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးသက်နိုင်ဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်း ဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးဟာ သဘာဝအတိုင်း ရှင်သန်နေသော ဝါးတောကြီးများ ရှိရာဒေသဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကာလတစ်လျှောက် ရာဘာ၊ ဆီအုန်း၊ သီဟိုဠ်၊ ကွမ်းသီး စိုက်ပျိုးမည့် လုပ်ငန်းရှင်များနှင့် ဒေသခံများဟာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်လျှောက်ထားကြပြီး လုပ်ပိုင်ခွင့်ရရှိပါက ဝါးတောကြီးများကို ခုတ်ထွင် ရှင်းလင်းမီးရှို့ပြီး စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါတယ်။ တကယ်တော့ ဝါးပင်များဟာ အဆိုရှင်တင်ပြသလို ကျေးလက်နေပြည်သူတချို့ ရဲ့ အခြေခံစားဝတ်နေရေးကို ဖြည့်ဆည်း ပေးနေသော သဘာဝရဲ့လက်ဆောင်များဖြစ်ပါတယ်။ သို့သော်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသောနေရာများရှိ ဝါးတောကြီးများကို စိုက်ပျိုးရေး လုပ်ကိုင်ခွင့်ပြုလိုက်သောအခါ ဝါးကိုအမှီပြုပြီး လုပ်ကိုင်စားသောက်နေရသော ကျေးလက်နေပြည်သူ အချို့မှာ စားဝတ် နေရေးအတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများရှိ ဝါးတောများကို ထပ်ဆင့် ရှာဖွေပြီး အမှီပြုရပါတယ်။ အကျိုးဆက်အနေဖြင့် သယ်ယူပို့ဆောင်ရေးခက်ခဲပြီး ဝါးအသုံး ပြုမည့် ပြည်သူများလက်ထဲရောက်ရှိချိန်တွင် ယခင်ကထက်ဝါးဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲရပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုနည်းဥပဒေတွင် ကျေးလက် ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်လိုသူများသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်နှင့် လုပ်ပိုင်ခွင့်ရရှိရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေးနည်းဥပဒေ ၃ နည်းဥပဒေခွဲ(စ)အရ လျှောက်ထားနိုင်သည်။ လျှောက်ထားရာတွင်လည်း နည်းဥပဒေ ၄ နည်းဥပဒေခွဲ(က)အရ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံ နှစ်ရှည်ပင်၊ ဥယျာဉ်ခြံ သီးနှံပင် စိုက်ပျိုးမှုတို့အတွက် လုပ်ပိုင်ခွင့်လျှောက်လွှာပုံစံသစ်ကို အသုံးပြု၍ လျှောက်ထားရမည်ဟု ပါရှိပါတယ်။ သဘာဝဝါးတောများဟာ ရှေ့လာမယ်အချိန်တွင် စက်မှုကုန်ကြမ်းဖြစ်လာနိုင်သလို နှစ်ရှည်ပင် အမျိုးအစားလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စဉ်းစားစရာရှိပါတယ်။ ဝါးတောများကို ရာဘာ၊ ဆီအုန်း၊ သီဟိုဠ်၊ ကွမ်းသီးပင်များ စိုက်ပျိုးရန်အတွက် လုပ်ပိုင်ခွင့်ပြုသလို ဝါးတောပတ်ဝန်းကျင်တွင်နေထိုင်

သော ကျေးလက်တောင်သူများကို တစ်နိုင်တစ်ပိုင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်ချထား ပေးပြီး စနစ်တကျထိန်းသိမ်းစောင့်ရှောက် ထုတ်ယူသုံးစွဲနိုင်ရန် အစိုးရမှဦးဆောင်ပြီး အသိပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ လုပ်ဆောင်ရန် စဉ်းစားသင့်ပါတယ်။ ကျွန်တော်တို့ဒေသရှိ ဝါးတောများဟာ ဝါးချည်းသက်သက်မဟုတ်ဘဲ ပျဉ်းကတိုးနှင့် အဖိုးတန်သစ်မာများ ရောနှောပေါက်ရောက်လျက်ရှိရာ ဝါးတောထဲရှိ တန်ဖိုးရှိသစ်ပင်များ ဆက်လက်ထိန်းသိမ်းခြင်း၊ လိုအပ်သည့်နေရာများတွင် အဖိုးတန်သစ်မာများ ရောနှောစိုက်ပျိုးခြင်းဖြင့်လည်း သဘာဝသစ်တောအင်္ဂါရပ်နှင့်လျော်ညီသော သစ်တောများရရှိနိုင်သလို ရေရှည်တွင်လည်း ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်လာနိုင်ပါတယ်။ ဝါးတောများကို ကျေးလက်ပြည်သူများအား စနစ်တကျ ပိုင်ဆိုင် ထုတ်ယူသုံးစွဲခွင့်ပြုမည်ဆိုလျှင် အဆိုရှင်တင်ပြသလို သစ်တောပြုန်းတီးမှုမှ ကာကွယ်နိုင်ခြင်း၊ ရာသီဥတုဖောက်ပြန်မှု၊ ဂေဟစနစ်ပျက်ယွင်းမှုများ လျော့နည်းလာနိုင်ခြင်း အထောက်အကူပြုသလို ဝါးကို စီးပွားရေးလုပ်ငန်းများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ချိန်၊ အဆင့်မြင့်ထုတ်ကုန်များအနေဖြင့် အသုံးပြုလာချိန်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတိုးတက်လာချိန်တွင် များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သဘာဝဝါးတောများကို ဒေသခံကျေးလက်ပြည်သူများနှင့်ပူးပေါင်းပြီး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက် ထုတ်ယူသုံးစွဲသင့်ပါကြောင်း အကြံပြုရင်း အဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ လှိုင်းဘွဲ့မြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုတင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုနဲ့ပတ်သက်ပြီးတော့ အတော်တော်များများဆွေးနွေးသွားပြီးဖြစ်တဲ့အတွက်ကြောင့် မို့လို့ ကျွန်မအနေနဲ့ ဝါးရဲ့အသုံးပြုတဲ့နေရာမှာ စွန့်ပစ်ပစ္စည်းလေးတွေကိုတောင်မှ ဘယ်လိုသုံးလို့ရတယ်ဆိုတဲ့အကြောင်းကိုပဲ ပြောပြသွားမှာဖြစ်ပါတယ်။ ဝါးရုံတွေမှာ သက်တမ်းရင့်တဲ့ဝါးတွေကို ခုတ်ပြီး လို့ရှိရင် ကျန်တဲ့စွန့်ပစ်ရမယ့်ဝါးငုတ် အပိုင်းအစလေးတွေကို ဝါးမီးသွေးအဖြစ်သုံးလို့ရပါတယ်ရှင်။

ဝါးမီးသွေးမှာ အလွန်သေးငယ်တဲ့အပေါက်ကလေးတွေ အများအပြားပါဝင်ပြီးတော့ ဝါးမီးသွေး ၁ ဂရမ်မှာဆိုရင် စတုရန်းပေ ၃၀၀၀ မျက်နှာပြင်ဧရိယာရှိပါတယ်။ သူ့မှာဆိုလို့ရှိရင်လည်း သတ္တုနှင့် အကျိုးပြုပစ္စည်းပေါင်း အမျိုးပေါင်း ၄၀၀ ကျော်ပါဝင်တာကိုလည်း လေ့လာမှတ်သားရပါတယ်။ ဝါးမီးသွေးကို ရေစစ်ကဲ့သို့အသုံးပြုလို့ရှိရင် ရေမှာပါတဲ့ မကောင်းတဲ့ဓာတ်၊ အနံ့အသက်စတာတွေကို ဖယ်ရှားပေးပြီးတော့ ရေကိုသန့်စင်စေပါတယ်ရှင်။ စက်ရုံများကစွန့်ထုတ်လိုက်တဲ့ ရေဆိုးမြောင်းတွေမှာလည်း ဝါးမီးသွေးကိုဖြတ်ပြီးတော့စီးဆင်းစေခြင်းအားဖြင့် ရေကိုသန့်စင်စေပါတယ်။ သူ့ရဲ့သေးငယ်တဲ့အပေါက်ကလေးက မီးခိုးခေါင်းတိုင်တွေကထွက်လာတဲ့ဓာတ်ငွေ့တွေကို စုပ်ယူနိုင်စွမ်းရှိပါတယ်။ ရုံးခန်း၊ နေအိမ်၊ ဗီရို၊ သေတ္တာ၊ စတို၊ မော်တော်ကား၊ အမှိုက်ပုံးစတဲ့နေရာတွေက မကောင်းတဲ့ အနံ့အသက်တွေကိုလည်း ဒီဝါးမီးသွေးလေးတွေက စုပ်ယူနိုင်ပါတယ်။ ရေခဲသေတ္တာထဲမှာထည့်ထားမယ်ဆိုရင်လည်း မကောင်းတဲ့အနံ့အသက်တွေကိုစုပ်ယူနိုင်ပြီးတော့ ဟင်းသီးဟင်းရွက်တွေထည့်တဲ့ ဘူးထဲမှာ ဝါးမီးသွေးထည့်ရင်လည်း နှစ်ရက်၊ သုံးရက်ပိုခံပြီး ပိုးမွှားအန္တရာယ်ကိုလည်းကာကွယ်ပေးပါတယ်။

တစ်ဆက်တည်း ဘာတွေဝင်ငွေရစေသလဲဆိုတာကို လေ့လာကြည့်မယ်ဆိုရင် ဝါးမီးသွေးကို ရှားစောင်းလက်ပပ်နဲ့ရောနှောပြီးတော့ မျက်နှာပေါင်းတင်ရင် ဆားဝက်ခြံတွေ၊ မျက်နှာအဆီပြန်ခြင်းတွေပျောက်စေပါတယ်။ ခန္ဓာကိုယ်မှာရှိတဲ့အဆိပ်အတောက်တွေကိုလည်း ကာကွယ်ပေးပါတယ်။ အခု တရုတ်နိုင်ငံမှာဆိုလို့ရှိရင် ဝါးမီးသွေးနဲ့အစားအသောက်၊ အလှကုန်၊ ဆပ်ပြာ၊ ဆေးဝါးစတဲ့ အမျိုးပေါင်း ၁၀၀ ကျော်ကို ထုတ်လုပ်ရောင်းချနေပြီဖြစ်ပါတယ်။ ခေါင်းအုံး၊ မွေ့ယာထဲထည့်မယ်ဆိုရင်လည်း အကြောပြေလျော့စေပြီးတော့ သွေးလည်ပတ်မှုမှန်ကန်စေတာမို့ ကျန်းမာရေးအတွက် မွေ့ယာတို့၊ ခေါင်းအုံးတို့ထုတ်လုပ်ရောင်းချနိုင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဝါးထရံရက်လုပ်တဲ့လုပ်ငန်းဟာလည်း မိသားစုစားဝတ်နေရေးကို အစဉ်ပြေစေတဲ့အလုပ်တစ်ခုဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကမ်းပြိုရွာလေးမှာဆိုရင် တစ်ရွာလုံးက အဲဒီဝါးဖျာရက်တာတို့၊ ယင်းလိပ်ရက်တာတို့ကို လုပ်ကြပါတယ်။ လူတစ်ဦး တစ်နေ့ကို လေးချပ်လုပ်နိုင်တယ်၊ တစ်ချပ်ကို လက်ခ ၉၀၀ ရတယ်။ အဲဒီတော့ သူ့အတွက် တစ်နေ့ဝင်ငွေ ၃၆၀၀ ဖြစ်လို့ စားဝတ်နေရေးအတွက်လည်း အထောက်အကူတစ်ခုပါပဲ။

ဥက္ကဋ္ဌကြီးရှင်။ ဝါးပင်တွေဟာ ဒီလိုအသုံးဝင်နေတာကြောင့် အဆိုရှင်တင်ပြသလို နိုင်ငံတော်အနေနဲ့ ဒီကဏ္ဍကိုမေ့ထားလို့မရပါဘူး။ သစ်တောပြုန်းတီးမှုနှုန်းများနေတဲ့ ကျွန်မတို့နိုင်ငံမှာ သစ်မရှိခင်စပ်ကြားမှာ ဝါးပေါင်းကွပ်ဆိုသလို သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအတွက် အစားထိုးနိုင်စေရန် အစိုးရရယ်၊ ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ပြည်သူများ နေ့စဉ်ဘဝရပ်တည်နိုင်ရေးကို ဖြေရှင်းပေးနိုင်ရန်အတွက် စနစ်တကျ ဝါးပင်တွေကိုခုတ်မယ်။ ခေတ်မီနည်းစနစ်နဲ့ အဆင့်ဆင့်ဝါးပင်တွေကို အသုံးပြုပြီးတော့ ထုတ်ကုန်များထုတ်လုပ်မယ်။ ဝါးတောတွေကိုလည်း အဆင့်မြှင့်တင်စေခြင်းအားဖြင့် အဆင့်မီတဲ့ဝါးတွေကို ရရှိနိုင်မှသာ ကျွန်မတို့နိုင်ငံအတွက် ဝါးတွေဟာ ဈေးကွက်ဝင်တဲ့တန်းဝင်ဝါးတွေကို ရရှိနိုင်မှာဖြစ်ပါတယ်။ အိမ်နီးချင်းတရုတ်နိုင်ငံမှာဆိုရင် ဝါး ၃၅ ရုံပိုင်ဆိုင်ရုံနဲ့ မိသားစုဘဝဖူလုံတယ်လို့ သိရပါတယ်။ ဝါးရုံတစ်ရုံကောင်းရင် နှစ်စဉ်ဝင်ငွေ ၅၀၀၀၀ အထက် ရနိုင်ပါတယ်။ ဝါးရုံနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ငယ်စဉ်ကဖတ်ခဲ့ဖူးတဲ့စကားထာလေးတစ်ခုကို သတိရလို့ပြောပြချင်ပါတယ်။ ငယ်ငယ်တုန်းက စားဖော်စားဖက် အဲဒါ မျှစ်ကိုဆိုလိုတာပါ။ အရွယ်ရောက်လာတော့ သွားဖော်သွားဖက် ဆွဲခြင်း၊ တောင်းစသည်တို့ကိုဆိုလိုတာပါ။ ကြီးလာတော့ အိပ်ဖော်အိပ်ဖက် ဝါးနဲ့လုပ်တဲ့ဖျာ၊ ခေါင်းအုံး၊ တစ်အိမ်တည်းနေတော့ နေဖော်နေဖက် ဝါးထင်း၊ ဝါးထရံ အဲဒီလောက်အထိ ကျွန်မတို့မြန်မာမှုနယ်ပယ်မှာ ဝါးရဲ့အခန်းကဏ္ဍကကြီးမားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပူပြင်းတဲ့နွေရာသီမှာ ဝါးကြမ်းခင်းပေါ်မှာ ဝါးဖျာလေးခင်း၊ ဝါးခေါင်းအုံးလေးအုံးပြီးတော့ လေတိုက်လိုက်တိုင်း ဝါးရုံကဝါးရွက်တို့ရဲ့ မြချူသံပမာတေးသွားတွေကိုနားဆင်ရင်းသဘာဝတရားရဲ့ အေးမြတဲ့လက်ဆောင်ကို ကျွန်မတို့နှင့်အတူ နောင်လာနောက်သားတွေပါခံစားနိုင်ရေးအတွက် လှိုင်းဘွဲ့မြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့အဆိုဖြစ်တဲ့ ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ်ဖြစ်ထွန်းအောင် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက်ပါဝင်ဆောင်ရွက်ပေးရေးအဆိုကို ကျွန်မအနေနဲ့ လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့ ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက်ပါဝင်ဆောင်ရွက်ရေး တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ အဆိုရှင်ကိုးဦးကလည်းပဲ ဒီမှာ ပြည့်ပြည့်စုံစုံ၊ နှံ့နှံ့စပ်စပ် ရှင်းလင်းပြပြီးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် အထူးတလည် ပြောစရာမလိုတော့ပါဘူး။ မြန်မာနိုင်ငံလူဦးရေရဲ့ စုစုပေါင်း ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေပြည်သူများဖြစ်တဲ့အတွက် ဝါးသယံဇာတဟာ ကျေးလက်နေပြည်သူများရဲ့ နေ့စဉ်လူမှုဘဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ များစွာအထောက်အကူပြုပါတယ်။ ဒါကြောင့်မို့လည်းပဲ မြန်မာနိုင်ငံဟာ International Network on Bamboo and Rattan (INBAR) အဖွဲ့ဝင်အဖြစ်နဲ့ ၁၉၉၇ ခုနှစ်ကတည်းကဝင်ပြီးတော့ ဝါးနှင့်ကြိမ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း စီမံကိန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလောလောဆယ်မှာ Thailand International Cooperation Agency(TICA) နဲ့ပေါင်းပြီးတော့ Promotion of sustainable Management and use of bamboo resources in Myanmar ကို ၂၀၁၆ ခုနှစ်ကနေပြီးတော့ ၂၀၁၈ ခုနှစ်အထိ အကောင်အထည်ဖော်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါတယ်။ အဲဒီမှာ ပုဂ္ဂလိကသစ်တောစိုက်ခင်းများမှာ ကျွန်း၊ သစ်မာအပြင် ဝါးစိုက်ခင်းများကို တိုးမြှင့်တည်ထောင်ရန်အတွက် တွန်းအားပေးပြီးတော့ စည်းရုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဝါးကဏ္ဍဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီးတော့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

ကုန်အထိ သစ်တောနယ်မြေများမှာ လုပ်ငန်းရှင် ၁၉ ဦးကနေပြီးတော့ ဝါးစိုက်ခင်း ၈၆၉ ဧကကို တည်ထောင်စိုက်ပျိုးရန်အတွက် ခွင့်ပြုပေးထားခဲ့ပါတယ်။ သဘာဝဝါးတောများကို ဒေသခံပြည်သူများ က ကိုယ်တိုင်ပြုစုထိန်းသိမ်းပြီး စနစ်တကျထုတ်ယူသုံးစွဲရေးအတွက် အသုံးပြုသူများအဖွဲ့(User Group) ၂၃ ဖွဲ့၊ အဖွဲ့ဝင်ဦးရေ ၃၂၉ ဦးကနေပြီးတော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၆၉၅၈၃ ဧကကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ကျွန်တော်တို့ ခွင့်ပြုပေးထားခဲ့ပါတယ်။ ဒါ ဝါးနဲ့ ပတ်သက်ပြီးဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလကုန်အထိကိုတော့ လုပ်ငန်းရှင် ၅ ဦးအတွက် ဝါးစိုက်ခင်း ၃၀၀ ဧကကို တည်ထောင်စိုက်ပျိုးရန် ထပ်မံခွင့်ပြုပေးခဲ့ပါတယ်။ ဆက်လက်ပြီး ရာသီအမီ ဝါးစိုက်ခင်း စိုက်ပျိုးလိုသူများရှိပါကလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီးတော့ ဆက်လက်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ တစ်ဦးကို ဧက ၁၀၀ အထိ လျှောက်ထားပြီးတော့ စိုက်ပျိုးနိုင်ပါတယ်။ အဲဒီတော့ ဝါးသယံဇာတ စဉ်ဆက်မပြတ်အသုံးချမှု အထောက်အကူပြု ဝါး ပျိုးထောင်စိုက်ပျိုးခြင်းနှင့် ဝါးစိုက်ခင်းစီမံအုပ်ချုပ်ခြင်းသင်တန်းများကိုလည်းပဲ သစ်တောဦးစီးဌာနက ဖွင့်လှစ်ပြီးတော့ ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ ဒေသခံပြည်သူများအား ပညာပေးဟောပြောခြင်း၊ မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ပူးပေါင်းပြီးတော့ ဝါးအဆင့်မြှင့်ထုတ်ကုန်များထုတ်လုပ်ရေး၊ ဈေးကွက်နှင့်နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပြီးတော့ ပုဂ္ဂလိကဝါးစိုက်ခင်းများ တိုးမြှင့်တည်ထောင်ရေးအတွက်လည်း တွန်းအားပေး စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဤဝန်ကြီးဌာနမှ ဦးခင်ချို၏အဆိုကို ဦးဆောင် အားစိုက် ပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အတည်ပြုဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက သဘောထားပြောပါ။ ခုနကနောက်ဆုံးပြောတာဟာက ဝန်ကြီး ဌာနက ဆောင်ရွက်သွားတာတွေတော့ပြောပြီး အဲဒီတော့ ဒီအဆိုကို အတည်ပြုမှာလား၊ အတည်မပြု ဘူးလား၊ မှတ်တမ်းတင်မှာလား၊ တစ်ခုခုကိုပြီးအောင်ပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ ဝန်ကြီးဌာနကနေပြီးတော့ အတည်ပြုပေးပါရန်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**မူကြမ်း**

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒီအဆိုကို ဝိုင်းဝန်းဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီအဆိုကို အတည်ပြုပေးတဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်းပဲ အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီအဆိုကိုရေးဖြစ်ရတဲ့အကြောင်းအရင်းကလည်း ကျွန်တော် တာဝန်ထမ်းခဲ့တဲ့ဒေသအသီးသီးမှာ ကျွန်တော်တွေ့ခဲ့ရတဲ့၊ ကြုံခဲ့ရတဲ့အနေအထားလေးပေါ်မူတည်မိတာရယ်၊ ကျွန်တော် အရင်က ဖာပွန်မှာတာဝန်ထမ်းခဲ့တဲ့အချိန် ၁၉၉၅-၁၉၉၇ ခုနှစ် အဲဒီအနေအထားမှာ ကမမောင်းကနေ ဖာပွန်သွားတဲ့လမ်းတစ်လျှောက်လုံးက ဝါးတောတွေချည်းပဲ။ ကျွန်တော် အဲဒီကို ၅၇ မိုင်လမ်းလျှောက်ပြီးတော့ တာဝန်ထမ်းခဲ့ရပါတယ်။ အခု နောက်တစ်ကြိမ် ၂၀၁၁-၂၀၁၂ လောက်က ခရိုင်ဦးစီးမှူးနဲ့ ထပ်ပြီးတော့ တာဝန်ထမ်းတဲ့အချိန်ကျတော့ ဒီလမ်းဘေးဝဲ/ယာနှစ်ဖက်လုံးက ဝါးတောဆိုတာ လုံးဝမရှိတော့ဘူး။ ဒီမှာ ရာဘာစိုက်ပျိုးတာတွေ၊ ခုနကတောင်ယာခုတ်တာတွေစသည်ဖြင့်ပေါ့။ အဲဒီလိုအနေအထားလေးတွေမြင်ရတဲ့အခါမှာ ရာသီဥတုကလည်းတော်တော်ကွာသွားတယ်။ ကျွန်တော်အရင် ၁၉၉၅-၁၉၉၇ တာဝန်ထမ်းခဲ့တဲ့အချိန်က ဆောင်းတွင်းဆိုရင် မီးလှုံရတယ်။ နောက်တစ်ကြိမ်သွားတဲ့အခါကျမှ ဆောင်းတွင်းက အနွေးထည်တစ်ခါမှမဝတ်ရတော့ဘူး။ အဲဒီလိုအနေအထားမျိုးတွေ။ ရာသီဥတုလည်း တအားကြီးကိုကွာဟသွားတယ်။ အဲဒီအခြေအနေမှာလည်း ဝါးနဲ့ပတ်သက်လို့ သိပ်လည်းစိတ်မဝင်စားခဲ့ပါဘူး။ ကျွန်တော် စာကြည့်တိုက်မှာ စာအုပ်ဖတ်ရင်းနဲ့ Environment Journal ကိုဖတ်မိတယ်။ ဖတ်မိတဲ့အခါမှာ ကျွန်တော် ဒီဝါးကိုနည်းနည်းစိတ်ဝင်စားလာတယ်။ စိတ်ဝင်စားလာတော့ အင်တာနက်မှာလည်းရှာကြည့်တာပေါ့။ ဝါးနဲ့ပတ်သက်တာတွေရှာကြည့်တော့ ဝါးနဲ့ပတ်သက်တဲ့သဘာဝအနေအထားလေးတွေ ဘယ်လိုကောင်းမွန်လာတယ်။ ရာသီဥတုကို ဘယ်လိုထိန်းသိမ်းနိုင်တယ်။ မြေဆီလွှာတွေ ဘယ်လိုလုပ်ပေးနိုင်တယ်။ ဒါလေးတွေလည်းဖတ်မိတယ်။ ဖတ်မိတော့ ဝါးကရတဲ့ထုတ်ကုန်အပေါ်မှာ ဝင်ငွေတွေဘယ်လိုရလဲ။ တခြား တရုတ်တို့၊ ဂျပန်တို့၊ ကိုရီးယားတို့ အဲဒီကထုတ်ကုန်တွေအနေအထားတွေလည်း လေ့လာကြည့်တယ်။ လေ့လာကြည့်တဲ့အခါမှာ သူတို့အဆင့်မြင့်ထုတ်ကုန်လေးတွေ ဘယ်လိုထုတ်ခဲ့တယ်။ ဝင်ငွေဘယ်လိုရှာလဲ။ အဲဒါလေးတွေကိုလည်း ကျွန်တော် အဆိုတင်သွင်းတဲ့နေ့က Power Point လေးနဲ့ ကျွန်တော်ပြခဲ့ပါတယ်။ ဝါးက အများကြီးအသုံးပြုနိုင်ပါတယ်။ ကျွန်တော်တို့ တစ်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် လာတဲ့အချိန်မှာ သူပြောပြပါတယ်။ ယိုးဒယားကနေပြီးတော့ ဘားအံစက်မှုဇုန်မှာ ဝါးနဲ့ပတ်သက်တဲ့ပါကေးစက်ရုံ

လာပြီးတော့တည်ထောင်ဖို့ရှိပါတယ်။ အဲဒီတော့ ဒီလိုဟာမျိုးတွေတည်ထောင်တော့မယ်၊ ဒီလိုရင်းနှီးမြှုပ်နှံမှုတွေလာမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာက ဒီလိုကုန်ကြမ်းဖြစ်တဲ့ဝါးတွေကို သဘာဝအတိုင်းပဲ ထုတ်နေကြတယ်၊ သဘာဝအတိုင်းပဲ သုံးနေကြတယ်။ ပြန်လည်ပြုစုထိန်းသိမ်းမှုမရှိဘူးဆိုရင် သူများရင်းနှီးမြှုပ်နှံမှုလာတဲ့အခါမှာ ကျွန်တော်တို့မှာ ကုန်ကြမ်း ဘာမှမရှိနိုင်တော့ဘူး။ ဒါတွေကို ကျွန်တော်ကစဉ်းစားပြီးတော့ အဆိုတစ်ခုတင်သွင်းမယ်လို့စဉ်းစားပြီး ဒီအဆိုလေးကိုရေးဖြစ်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုကို ဝိုင်းဝန်းထောက်ခံပေးကြတဲ့၊ ဆွေးနွေးတဲ့လူတွေအားလုံးကိုလည်းကျေးဇူးတင်ပါတယ်။ အတည်ပြုပေးတဲ့ ဝန်ကြီးကိုလည်းကျေးဇူးတင်ပါတယ်။ ကျွန်တော့်အဆိုကို အတည်ပြုပေးဖို့ အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ကိုးဦးကဆွေးနွေးပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အဆိုအားအတည်ပြုသင့်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးခင်ချို တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မှုကြမ်း

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄) ရက် မြောက်နေ့ (၂၈.၂.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ


ဒေါက်တာစောနိုင်(တောင်ဥက္ကလာပ မဲဆန္ဒနယ်)


ဦးစိုင်းဦးခမ်း (သိန္နီ မဲဆန္ဒနယ်)


ဦးဝင်းသိန်းဇော်(ဆားလင်းကြီး မဲဆန္ဒနယ်)


ဦးကျော်မင်းလှိုင် (ဥတ္တရသီရိ မဲဆန္ဒနယ်)


ဒေါ်မိကွန်ချမ်း (ပေါင် မဲဆန္ဒနယ်)


ဦးခင်ရီ (လှိုင်းဘွဲ့ မဲဆန္ဒနယ်)


သူရဦးအောင်ကို (သာသနာရေး နှင့် ယဉ်ကျေးမှု)


ဦးလှတင့် (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)


ဦးအုန်းဝင်း (သယံဇာတ/ပတ်ဝန်းကျင်)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်